၁၉၉၅ ၃ အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group*  *Issue No. 698 FEBRUARY 22, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဂမ်ဘာရီ၏သဘောထားကို အဖွဲ့ချုပ်က စိုးရိမ် တွေ့ဆုံဆွေးနွေးရေးအတွက် အဖွဲ့ချုပ်ဘက်က ကြိုတင်ကန့်သတ်မထား

**DVB ၊ ဖေဖော်ဝါရီ ၁၉ ။** ။ ရွေးကောက်ပွဲအသစ်ဟာ နိုင်ငံတကာကလေးစားတဲ့ ရွေးကောက်ပွဲဖြစ်သင့်တယ်လို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘရာ ဟင်ဂမ်ဘာရီနဲ့ ဂျပန်အစိုးရတို့ ပူးတွဲထုတ်ပြန်တဲ့ ကြေညာချက်ကြောင့် အထူးစိုးရိမ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာပါတယ်။

မစ္စတာဂမ်ဘာရီရဲ့ပြောဆိုချက်ဟာ အဖွဲ့ချုပ်က တင်ပြဆွေးနွေးချက်တွေနဲ့ရော ကုလသမဂ္ဂရဲ့ သဘောထားနဲ့ပါ မကိုက်ညီဘူးလို့ အဖွဲ့ချုပ်က ထောက်ပြပါတယ်။

မစ္စတာအီဘရာဟင်ဂမ်ဘာရီနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့၏ကြေညာချက်တွင် နိုင်ငံတကာက ချီးကျူးလောက်သည့်ပုံဖြစ်အောင် ၂၀၁၀ ရွေးကောက်ပွဲကျင်းပရန်၊ မြန်မာအာဏာပိုင်တို့ကို တိုက်တွန်းခြင်းအပေါ် သဘောတူညီကြသည်ဟု အဖွဲ့ချုပ်ကြေညာချက်မှာ ဖော်ပြပါရှိပါတယ်။

၎င်းသည်မှာ မြန်မာ့နိုင်ငံရေးပြောင်းလဲတိုးတက်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အလေးအနက်တင်ပြချက်များနှင့်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံအသီးသီး၏ ဆုံးဖြတ်ချက်များဖြစ်သော ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေးဟူသော အချက်နှင့် လည်းကောင်း ညီညွတ်ခြင်းမရှိပါသဖြင့် အထူး စိုးရိမ်မိပါသည်။

ဘန်ကီမွန်းလာရောက်ရေးနဲ့ တွေ့ဆုံ ဆွေးနွေးရေး လုပ်ရေးတို့နဲ့ပတ်သက်လို့ အဖွဲ့ချုပ်ဘက်က ကြို တင်စည်းကမ်းသတ်မှတ်ချက်တွေမရှိဘူးဆိုတာ ကြေညာတာကိုလည်း ထုတ်ပြန်ထားပါတယ်။ ကြေညာချက်ပါ အဓိကအချက်ကို အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ဖတ်ပြပါတယ်။

မစ္စတာ အီဘရာဟင်ဂမ်ဘာရီကလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး မစ္စတာဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဆန္ဒရှိနေပါကြောင်း၊ သို့ရာတွင် ထင်သာမြင်သာ ရှိသောတိုးတက်မှုတခုခုရရှိနိုင်မှသာ လာလိုသည်ဟုလည်း မစ္စတာ ဘန်ကီမွန်းပြောကြားထားကြောင်း၊

**စာမျက်နှာ ၁၁ သို့**

## မြန်မာလူ့အခွင့်အရေးပြဿနာအာဆီယံချာတာအရကိုင်တွယ်မည်

**VOA ၊ ဖေဖော်ဝါရီ ၂၀ ။** ။ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေသတွင်းရှိ လူထု လူတန်းစားအလွှာအသီးသီးက စိုးရိမ်မကင်းဖြစ်နေကြပြီး လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေ ကိုမြှင့်တင်ပေးခဲ့တဲ့ အာဆီယံပဋိညာဉ်စာတမ်း အခြေခံမူအရ ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးသွားမှာ ဖြစ်တယ်လို့ အာဆီယံအတွင်းရေးမှူးချုပ်က ပြောဆိုလိုက်ပါတယ်။

တဆက်တည်းမှာပဲ ဒေသတွင်းရိုက်ခတ်နေတဲ့ ရိုဟင်ဂျာပြဿနာကိုကိုင်တွယ်ရာမှာ အာဆီယံအသိုင်းအဝိုင်းအနေနဲ့မဟုတ်ဘဲ လူလူချင်းဒုက္ခရောက်နေသူတွေကိုကယ်တင်ကြဘို့တာဝန်ရှိပါတယ်လို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်းပစ်ဆူဝမ်က ပြောဆိုလိုက်ပါ တယ်။

မြန်မာပြည်တွင်းကလူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ဒေသတွင်းလူထု လူတန်းစားအလွှာအသီးသီးက စိုးရိမ်မကင်းဖြစ်နေကြပြီး တကယ်စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်ကို အမြန်ရောက်ရှိရေး မျှော်လင့်နေကြတယ်ဆိုတာကို အာဆီယံအသင်းကြီးအနေနဲ့ အသိအမှတ်ပြုတယ်လို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်းပစ်ဆူဝမ်က ဒီကနေ့ပြောဆိုလိုက်ပါတယ်။

“အာဆီယံဒေသတဝှမ်းလုံးမှာရှိတဲ့ ပြည်သူတွေက စိုးရိမ်မကင်းဖြစ်နေကြသလို အာဆီယံ

**စာမျက်နှာ ၁၂ သို့**

မြန်မာ့အရေး အင်ဒိုနီးရှားနှင့်အမေရိကန် ပူးပေါင်းဆောင်ရွက်မည်
**စာမျက်နှာ ၃**

ထိုင်းနယ်စပ်ဒုက္ခသည်စခန်း၌ အဝတီလိုက်စားမှုများရှိ၊ ပွဲစားများခြေချင်းလိမ်
**စာမျက်နှာ ၅**

မြန်မာခရီးစဉ် မစ္စတာဂမ်ဘာရီ အားမရ၊ မြန်မာ့နိုင်ငံရေးတိုးတက် ဖြစ်ထွန်းမှုမရှိသေး
**စာမျက်နှာ ၆**

လက်ရှိအခြေအနေအရ စစ်မှန်သည့် တွေ့ဆုံ ဆွေးနွေးမှုများဖြစ်ထွန်းရန် အလှမ်းဝေးနေဦးမည်
**စာမျက်နှာ ၇**

မြန်မာ့လူ့အခွင့်အရေးအခြေအနေ တိုးတက်မှုလမ်းစရှိဟု ကုလကိုယ်စားလှယ်ပြော
**စာမျက်နှာ ၃**

## VOB အာဘော်

# တွေ့ဆုံဆွေးနွေးရေးဖိအား

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂမ်ဘာရီ မြန်မာပြည်ခရီးစဉ်ပြီးနောက် အခြေအနေများကို ကုလသမဂ္ဂသို့အစီရင်ခံပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဖိအားပေးမှုများတဖန်မြင့်တက်လာခဲ့ သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌက ဒီမိုကရေစီအင်အားစုများနှင့် စစ်အာဏာပိုင်များအကြား ကြိုတင်သတ်မှတ်ချက်များမထားပဲနှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးကြရန် တိုက်တွန်းသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်တစိုက်တောင်းဆိုနေခဲ့သည်။ စစ်အာဏာပိုင်များကလည်း တွေ့ဆုံဆွေးနွေးရေးကို လုပ်ဆောင်လိုပါသည်ဟုလည်း ဆိုသည်။

သို့သော်လည်း ယနေ့တိုင် ဒီမိုကရေစီအင်အားစုများနှင့်စစ်အာဏာပိုင်များ အကြား စစ်မှန်သည့်တွေ့ဆုံဆွေးနွေးပွဲဖြစ်မလာသေးပေ။ အဘယ်ကြောင့်နည်း။ လိုအပ်သည့်အခြေအနေများမရှိသေးသောကြောင့်ဖြစ်သည်။

စစ်အုပ်စုက တွေ့ဆုံဆွေးနွေးရေးကိုလိုလားပါသည်ဟုဆိုသော်လည်း ၎င်းတို့၏ပြောဆိုလုပ်ကိုင်မှုများသည် တွေ့ဆုံဆွေးနွေးရေးဆိုသည့် နိုင်ငံတကာသည်းခြေကြိုက်စကားလုံးကိုင်စွဲကာ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးမဖြစ်ရန် ပရိယာယ်အမျိုးမျိုးသုံးကာ လှည့်ပတ်လုပ်ကိုင်နေသည်။

မြန်မာပြည်တွင်း အဓိကဒီမိုကရေစီရေးအင်အားစုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲအဆင်သင့်ရှိနေသည်။ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အလျှော့အတင်းလုပ်ရန်အဆင်သင့်ရှိသည်ဟု ဆိုသည်။ သို့သော် စစ်အုပ်စုက မတွေ့ဆုံပဲနှင့်မနေနိုင်အောင် နိုင်ငံရေးအရ လုပ်ဆောင်နိုင်သည့်အနေအထားမရှိသေးပေ။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း တွေ့ဆုံဆွေးနွေးရေးကို တိုက်တွန်းပါသည်၊ တောင်းဆိုပါသည်ဟုသာဆိုပြီး အမှန်တကယ်လက်တွေ့တွင် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် ထိရောက်သည့်တွန်းအားပေးမှုများမရှိသောကြောင့်ဖြစ်သည်။

ထို့ကြောင့် နအဖစစ်အာဏာပိုင်များသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအား တွန်းအားနှင့် နားချမှုများကိုဂရုမစိုက်သကဲ့သို့ ပြည်တွင်းဒီမိုကရေစီအင်အားစုများ၏တောင်းဆိုမှုများကို လျစ်လျူရှုနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ လူ့အခွင့်အရေးအခြေအနေ၊ စီးပွားရေးအခြေအနေ စသည့် လူမှုအသိုင်းအဝိုင်းတခုလုံးကို အခြေအနေတရပ်ရပ်သို့ အပြောင်းအလဲဖြစ်ရန် လိုအပ်ချက်များနှင့်ပြည့်စုံနေသည်။ သို့သော် ပြောင်းလဲမှုမရှိသေးပေ။ ထိုအပြောင်းအလဲအတွက် လိုအပ်သည့် စစ်အုပ်စု၊ ဒီမိုကရေစီအင်အားစု၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ထိရောက်မှုမရှိသောလုပ်ရပ်များကြောင့်ဖြစ်သည်။

စစ်အုပ်စုသည် တွေ့ဆုံဆွေးနွေးရေးကို ဖိအားပေးမှုလျော့ကျရေးအတွက် ဗျူဟာတခုအဖြစ် ကိုင်ဆောင်သုံးစွဲနေသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ဖိအားတိုးတက်လာလျှင် အကျဉ်းသားများကိုလွှတ်ပြသည်။ နိုင်ငံရေးအရ ဖိအားတိုးတက်လာလျှင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးပြသည်။ စီးပွားရေးအရဖိအားတိုးတက်လာလျှင် ပြည်တွင်းလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံလိုသော၊ မြန်မာပြည်နှင့်ကုန်သွယ်လိုသောနိုင်ငံများကို အခွင့်အလမ်းများ ဖွင့်ပေးလိုက်သည်။ ဤသို့လုပ်ဆောင်နေသည်မှာ နှစ်ပေါင်း ၂၀ ရှိနေပြီဖြစ်သည်။

ယခုလည်း တွေ့ဆုံဆွေးနွေးရေးအတွက် နိုင်ငံတကာဖိအားအရှိန်နည်းနည်းတက်လာသည်။ လူ့အခွင့်အရေးအတွက် ဖိအားပေးသည့်အသံများကျယ်လောင်လာသည်။ ထိုသို့သောအခြေအနေများမှတဆင့် မြန်မာ့နိုင်ငံရေးအခြေ အနေ စစ်မှန်စွာပြောင်းလဲလာစေရန်မှာ ဖိအားပေးမှုများကို လျှော့ချခြင်း လုံးဝမပြုပဲ ဖိအားကို တဆင့်ပြီးတဆင့်တိုးမြှင့်ပေးရင်း နအဖတောင်းဆိုချက်များထဲမှ အထိုက်အလျောက်ကိုပေးသည့်ဗျူဟာကို ဟန်ချက်ညီကျင့်သုံးနိုင်မှသာ မြန်မာပြည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်ဦးတည်မည့် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# မစ္စတာကင်တားနား နေပြည်တော်သို့သွားရောက်၊စစ်အုပ်စုခေါင်းဆောင်များနှင့်တွေ့

**NEJ ၊ ဖေဖော်ဝါရီ ၁၈ ။** ။ မြန်မာနိုင်ငံကိုရောက်နေတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနား ဒီနေ့ နေပြည်တော်ကိုသွားတယ်လို့ သိရပါတယ်။

မစ္စတာကင်တားနား ဒီနေ့ နေပြည်တော်ဆီသွားပြီး နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့တွေ့ဆုံတယ်လို့ ရန်ကုန်နိုင်ငံရေးသတင်းရပ်ကွက်တွေကပြောပါတယ်။

မနက်ပိုင်းသွားပြီး ညနေပိုင်းပြန်လာတယ်လို့သိရပေမယ့် ဒီသတင်းနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရန်ကုန်ရုံးတာဝန်ရှိသူတွေကို ဆက်သွယ်လို့မရသေးပါဘူး။

ကင်တားနားရဲ့ ၆ ရက်ကြာမြန်မာနိုင်ငံခရီးစဉ်ဟာ မနက်ဖြန်မှာပြီးဆုံးမှာဖြစ်ပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တခြားနိုင်ငံရေးပါတီတွေနဲ့တွေ့ဆုံဘို့ ရှိ မရှိကို ခုထိမသိရသေးဘူးလို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။

ယမန်နေ့က ရန်ကုန်ရှိသံတမန်တွေနဲ့တွေ့ဆုံပြီး အဲဒီနေ့မတိုင်ခင်က အင်းစိန်ထောင်ရှိနိုင်ငံရေးအကျဉ်းသားတွေ၊ ဘားအံထောင်ကနိုင်ငံရေးအကျဉ်းသားတွေနဲ့ လက်နက်ကိုင် ကရင်ငြိမ်းချမ်းရေးအဖွဲ့တွေကို တွေ့ဆုံခဲ့ပါတယ်။

ကေအဲန်ယူခွဲထွက်အဖွဲ့တွေဖြစ်တဲ့ ပဒိုအောင်ဆန်းရဲ့ ဘုရားကုန်းအဖွဲ့၊ ဗိုလ်မှူးချုပ်ထိန်မောင်ရဲ့ ငြိမ်းချမ်းရေးကောင်စီနဲ့ တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ (DKBA) တို့နဲ့ တွေ့ဆုံခဲ့ပါတယ်။

တွေ့ဆုံမှုတွေအတွင်း ဘာတွေဆွေးနွေးခဲ့တယ်ဆိုတာကို ကုလသမဂ္ဂဘက်က သတင်းထုတ်ပြန်တာမရှိသေးပါဘူး။

ကော့ကရိတ်မြို့နယ် ထို့ဂေါ်ကိုးရွာအခြေစိုက် ဗိုလ်မှူးချုပ်ထိန်မောင်ရဲ့ တပ်မဟာ ၇ ခွဲထွက်အဖွဲ့၊ အခုအမည်သစ် ကေအဲန်ယူငြိမ်းချမ်းရေးကောင်စီကတော့ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေဆွေးနွေးခဲ့တယ်လို့ ဘုရားသုံးဆူရှိ အဲဒီအဖွဲ့ရဲ့ဆက်သွယ်ရေးတာဝန်ခံ ဦးစောမြတ်သောင်းကပြောပါတယ်။

မစ္စတာကင်တားနားဟာ မနက်ဖြန်မှာ နိုင်ငံရေးပါတီတွေနဲ့တွေ့ဘို့ ရှိ မရှိကို မသေချာသေးသလို မူလအစီအစဉ်ဖြစ်တဲ့ ရန်ကုန်ကမထွက်ခွါခင် သတင်းစာရှင်းလင်းပွဲလုပ်မယ်ဆိုတာ တကယ်ဖြစ် မဖြစ် စောင့်ကြည့်ရမှာပဲလို့ ရန်ကုန်ရှိသတင်းသမားတွေကပြောပါတယ်။

# မြန်မာ့အရေး အင်ဒိုနီးရှားနှင့်အမေရိကန် ပူးပေါင်းဆောင်ရွက်မည်

**NEJ ၊ ဖေဖော်ဝါရီ ၁၉ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က ကမ္ဘာ့အကြီးဆုံးမူဆလင်နိုင်ငံတခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံနဲ့ပိုမိုနီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်တဲ့ဆက်ဆံရေးမျိုးထားရှိဘို့ ဆန္ဒရှိတယ်လို့ပြောလိုက်ပါတယ်။

စစ်အစိုးရအုပ်ချုပ်နေတဲ့မြန်မာ့အရေးကို ပိုပြီးထိထိရောက်ရောက်ကိုင်တွယ်နိုင်အောင်လို့လည်း အင်ဒိုနီးရှားအစိုးရဆီက အကြံဉာဏ်တွေတောင်းခံသွားမယ်လို့လည်း ပြောသွားပါတယ်။ နိုင်ငံခြားရေးဝန်ကြီးရာထူးလက်ခံခဲ့ပြီး ပထမဆုံး အာရှလေးနိုင်ငံခရီးစဉ်အတွင်း ဒုတိယတထောက်နားရာ အင်ဒိုနီးရှားနိုင်ငံတွင် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကရောက်ခဲ့တုန်းမှာ မစ္စစ်ကလင်တန်က အခုလိုပြောသွားတာပါ။

ဟီလာရီကလင်တန် ဖေဖော်ဝါရီ ၁၅ ရက်နေ့ကစတင်ခဲ့တဲ့ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဒုတိယတထောက်နားရာအင်ဒိုနီးရှားကို သူသွားရောက်တဲ့အာရှခရီးစဉ်ကို ထည့်သွင်းတာတာကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံခြားဆက်ဆံရေး ပိုပြီးရင်းနှီးစေချင်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဆန္ဒကို ထပ်လောင်းအတည်ပြုရာရောက်တယ်လို့ ဆိုရပါမယ်။

သမတအိုဘားမားအတွက်ကတော့ အင်ဒိုနီးရှားနဲ့သူ ရေစက်ဆုံခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်လေးဆယ်နီးပါးကပါ။ သူငယ်စဉ်ဘဝက ဂျာကာတာမှာကျောင်းသွားတက်ရာကနေ စတင်တာဖြစ်ပါတယ်။ ဒီသမိုင်းကြောင်းကြောင့် လည်း အမေရိကန်ပြည်ထောင်စုနဲ့ သာမန်အင်ဒိုနီးရှားနိုင်ငံသားတွေကြား ပိုပြီးနွေးထွေးစေမှုရှိခဲ့ပါတယ်။ ဒါကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်ဝီဒါယုဒက အခုလိုရှင်းပြခဲ့ပါတယ်။

အင်ဒိုနီးရှားမှာ သမတအိုဘားမားက အတော်လေးအားကောင်းတဲ့မဲဆန္ဒနယ်မြေရှိတယ်လို့ ပြောရမှာပါ။ ဒါပေမဲ့ မဲပေးခွင့်တော့မရှိတဲ့ မဲဆန္ဒနယ်မြေပေါ့။ အစိုးရရော အင်ဒိုနီးရှားပြည်သူတွေကပါ သမတအိုဘားမားအလည်အပတ်လာရောက်ခဲ့မယ်ဆိုရင် သိပ်ပြီးသဘောကျကြိုဆိုကြမှာပါ၊ ကျနော်တို့လည်း အဲဒါကို ကြာကြာမစောင့်နိုင်ကြတော့ပါဘူး၊ ဒီသတင်းစကားကို သမတအိုဘားမားထံ နိုင်ငံခြားရေးဝန်ကြီးကလင်တန်ကတဆင့် ပါးနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။

ဟီလာရီကလင်တန်ရဲ့ လက်ရှိ ၂ ရက်ကြာအင်ဒိုနီးရှားခရီးစဉ်တွင် ဒေသတွင်း အင်ဒိုနီးရှားရဲ့အရေးပါမှုကိုလည်း ပိုပြီးသက်သေပြရာရောက်စေပါတယ်။ ကမ္ဘာ့မူဆလင်လူဦးရေအများဆုံးဖြစ်တဲ့ အင်ဒိုနီးရှားက အစ္စလာမ်၊ ဒီမိုကရေစီနဲ့ ခေတ်မီတဲ့စနစ်ဟာ အတူတကွယှဉ်တွဲနေရုံသာမက ကြီးပွါးတိုးတက်နိုင်တယ်လို့လည်း သက်သေပြရာရောက်တယ်လို့ မစ္စစ်ကလင်တန်ကပြောသွားပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ အင်ဒိုနီးရှားဟာ နှစ်နိုင်ငံအကျိုးစီးပွါးမျှဝေနေရုံသာမကပါဘူး၊ တပြေးညီထားရှိတဲ့ စံထားချက်တွေလည်းရှိကြပါတယ်၊ နှစ်နိုင်ငံစလုံးက ဒီမိုကရေစီကိုနှစ်ခြိုက်ကြတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း အင်ဒိုနီးရှားက အပြောင်းလဲကြီး ပြောင်းလဲလာခဲ့တယ်၊ အခိုင်အမာတိုးတက်တဲ့အဖွဲ့အစည်းတွေကို ထူထောင်နိုင်ခဲ့တယ်၊ နီးကြားရှင်သန်တဲ့လူနေမှုအဖွဲ့အစည်းတွေကိုကြိုဆိုပြီး ဖွံ့ဖြိုးအောင်လုပ်နိုင်ခဲ့တယ်၊ တချိန်တည်းမှာပဲ လူ့အခွင့်အရေးရှိသေလေးစားပြီး အကြမ်းဖက်မှုနဲ့ အစွန်းရောက်ဝါဒကို နှိမ်နင်းနိုင်ခဲ့တယ်၊ ဘာသာရေးဂိုဏ်းဂနကွဲတာတွေ၊ ခွဲထွက်ရေးပဋိပက္ခတွေကိုလည်း အဆုံးသတ်နိုင်ခဲ့တယ်၊ နောက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးနဲ့ လူ့အခွင့်အရေးအတွက် ပိုမိုစိတ်ချလုံခြုံစေတဲ့ ကမ္ဘာကြီးဖြစ်လာစေဘို့လည်း ကြိုးပမ်းနိုင်ခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန်ကပြောသွားခဲ့ပါတယ်။ ဒ့ါအပြင် ကမ္ဘာ့စီးပွါးရေးနဲ့ ရာသီဥတုအပြောင်းအလဲလို အရေးကြီးတဲ့ကိစ္စရပ်တွေကိုင်တွယ်ဖြေရှင်းရာမှာလည်း သူနဲ့အတူ သမတအိုဘားမားက အင်ဒိုနီးရှားနဲ့ ပိုပြီးပြည့်စုံတဲ့မိတ်ဘက်ဆက်ဆံရေးကို တည်ဆောက်လိုတယ်လို့လည်း မစ္စစ်ကလင်တန်ကပြောသွားပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့လည်း အမေရိကန်ပြည်ထောင်စုနဲ့ အင်ဒိုနီးရှားအစိုးရက မြန်မာစစ်အစိုးရကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေလုပ်နိုင်လာစေဘို့ ဦးစီးဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယူဆတဲ့အကြောင်းလည်း မစ္စစ်ကလင်တန်ကပြောသွားပါတယ်။

ကျမတို့လိုက်နာခဲ့တဲ့လမ်းစဉ်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုကချမှတ်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ မြန်မာစစ်အစိုးရကိုပြောင်းလဲလာစေဘို့ လွှမ်းမိုးမှုမရှိနိုင်ဘူးဆိုတာဟာ သိသာသလို နိုင်ငံခြားရေးဝန်ကြီးနဲ့ကျမတို့ဆွေးနွေးမှုအတွင်းထောက်ပြခဲ့သလိုပဲ မြန်မာစစ်အစိုးရကိုလက်ကမ်းကြိုဆိုပြီး ဆက်ဆက်ဆံဆံနေဘို့ကြိုးပမ်းတဲ့နည်းဟာလည်း အလုပ်မဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် ဒါဟာ ပြဿနာပါပဲ၊ အင်ဒိုနီးရှားအတွက်သာမက အမေရိကန်ပြည်ထောင်စုနဲ့ ဒေသတွင်းအတွက်ပါ ပြဿနာဖြစ်စေပါတယ်၊ ဒါကြောင့် ကျမတို့နှစ်နိုင်ငံ နီးနီးကပ်ကပ်လုပ်ဆောင်သွားမယ်၊ မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့အပြောင်းအလဲမျိုးဖြစ်လာစေဘို့ အကောင်းဆုံးဖော်ဆောင်နိုင်မယ့်နည်းလမ်းကို အင်ဒိုနီးရှားနိုင်ငံကအကြံဉာဏ်တွေကို ရယူရလိမ့်မယ်။

မြန်မာနိုင်ငံအပေါ် အမေရိကန်ကချမှတ်ခဲ့တဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ ထိရောက်မှုမရှိဘူးလို့ မစ္စစ်ကလင်တန်ကဆိုခဲ့တဲ့အတွက်ကြောင့်လည်း သုရာ

**စာမျက်နှာ ၁၆ သို့**

# မြန်မာ့လူ့အခွင့်အရေးအခြေအနေ တိုးတက်မှုလမ်းစရှိဟု ကုလကိုယ်စားလှယ်ပြော

**DVB ၊ ဖေဖော်ဝါရီ ၂၀ ။** ။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဟာ စိန်ခေါ်မှု အများကြီးရှိနေတုန်းဖြစ်ပေမယ့် အပြုသဘောတိုးတက်မှုလမ်းစတချို့ မြင်နေရပြီ လို့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်က ပြောကြားပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနား က မြန်မာပြည် ဖ ရက်ခရီးစဉ်အပြီး ပြန်လည်မထွက်ခွါမီ ရန်ကုန်လေယာဉ်ကွင်း တွင် ယမန်နေ့ညနေ သတင်းစာရှင်းပွဲ၌ ဒီလိုပြောကြားတာပါ။

“နိုင်ငံရေးအကျဉ်းသားတွေကို အုပ်စုလိုက်ပြန်လွှတ်ဘို့ ပြည်ထဲရေးဝန်ကြီးနဲ့တွေ့ဆုံစဉ် ကျနော်ပြောခဲ့ပါတယ်” မစ္စတာကင်တားနားက သတင်းထောက်တွေကိုပြောပါတယ်။

ကင်တားနားဟာ လွှတ်တော် ကိုယ်စားလှယ် ၂ ဦးအပါအဝင် အင်းစိန်ထောင်ရှိနိုင်ငံရေးအကျဉ်းသား ၅ ဦး၊ ဘားအံ ထောင်ကအကျဉ်းသားအချို့နဲ့ ကရင်ငြိမ်းချမ်းရေးအဖွဲ့တချို့ကို တွေ့ဆုံခဲ့ပါတယ်။ အရင်အခေါက်တွေတုန်းက တွေ့ဆုံ ဘူးတဲ့ အဲန်အဲလ်ဒီကိုတော့ ဒီတခေါက်မှာ မတွေ့ဆုံပါဘူး။

မစ္စတာကင်တားနားက ယမန်နေ့ညနေမှာ ကချင်ပြည်နယ် မြစ်ကြီးနားထောင်ရှိ နိုင်ငံတော်အနုပညာရှင် ဇာဂနာကိုတွေ့ဆုံတယ်လို့ သတင်းထွက်ပေါ်ပေမယ့် ကုလသမဂ္ဂရုံးကို ဆက်သွယ်လို့မရသေးပါဘူး။ ကိုဇာဂနာ့မိသားစုကလည်း ဒီသတင်းကိုကြားရပေမယ့် အတိအကျမသိရသေးဘူးလို့ ပြောပါတယ်။

မစ္စတာကင်တားနားက လာမယ့်ဒီဇင်ဘာမှာ မြန်မာနိုင်ငံကိုထပ်သွားဘို့ရှိပြီး ကင်တားနားနဲ့ ဂမ်ဘာရီတို့ရဲ့ခရီးစဉ်တွေဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံကိုသွားရေးအတွက် ရှေ့ပြေးဖြစ်နိုင်တယ်လို့ သံတမန်တချို့က ပြောပါတယ်။

မြန်မာနိုင်ငံက မကြာသေးမီကပြန်လာသူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီက သူ့အတွေ့အကြုံတွေကို ဒီနေ့ သောကြာနေ့မှာ လုံခြုံရေးကောင်စီကိုတင်ပြဘို့စီစဉ်နေတယ်လို့ ကုလသမဂ္ဂရုံးစိုက်ရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ သံတမန်တွေကပြောတယ်လို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြပါတယ်။

# မြန်မာနဲ့တောင်ကိုရီးယား

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

နိုင်ငံခြားမှာအလုပ်လုပ်နေကြတဲ့ ကိုရီးယားလူမျိုး ၇ သန်းလောက်ရှိတာဟာ ကမ္ဘာ့စီးပွါးရေးမှာ တောင်ကိုရီးယားပါဝင်တဲ့အခန်းကဏ္ဍကျယ်ပြန့်လာတာကို ပြသရာရောက်ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hilary Clinton ရဲ့ အရှေ့အာရှခရီးမှာ တောင်ကိုရီးယားပါတာဟာ ဒီအချက်ကိုမီးမောင်းထိုးပြနေပါတယ်။ ဒါပေမဲ့ တောင်ကိုရီးယားဟာ အပြည်ပြည်ဆိုင်ရာစီးပွါးရေးလောကမှာ လာဘ်ထိုးကောင်းလို့နာမည်ရနေပါတယ်။ ဂျာမဏီနိုင်ငံ ဘာလင်မြို့အခြေစိုက် Transparency International အဖွဲ့ရဲ့ ၂၀၀၈ ခုနှစ်လာဘ်ပေးမှုစစ်တမ်းကိုကြည့်ရင် စစ်တမ်းကောက်ယူတဲ့ ၂၂ နိုင်ငံကကုမ္ပဏီအားလုံးဟာ လာဘ်ထိုးမှုနဲ့မကင်းနိုင်ကြတာတွေ့ရပါတယ်။ အာရှနိုင်ငံတွေထဲမှာ လာဘ်အထိုးဆုံးက တရုတ်ကုမ္ပဏီဖြစ်ပြီး ဒုတိယလာဘ်အထိုးဆုံးက အိန္ဒိယဖြစ်ပါတယ်။

တောင်ကိုရီးယားနဲ့ ထိုင်ဝမ်ဟာ တတိယလာဘ်အထိုးဆုံးဖြစ်နေပြီး ဟောင်ကောင်က စတုတ္ထ၊ စင်္ကာပူက ပဉ္စမ၊ ဂျပန်က အဋ္ဌမဖြစ်ပါတယ်။ ဗမာစစ်အစိုးရနဲ့ဆက်ဆံရာမှာ လာဘ်အထိုးဆုံး တရုတ်၊ အိန္ဒိယနဲ့ တောင်ကိုရီးယားကုမ္ပဏီတွေ အခွင့်ထူးခံစားနေရတာပါတယ်။ ကုမ္ပဏီတွေလာဘ်ထိုးပေမယ့် OECD (ခေါ်) စက်မှုနိုင်ငံများအဖွဲ့က ၁၉၉၇ မှာ လာဘ်ထိုးမှုတိုက်ဖျက်ရေး ၂၈ မျက်နှာ စည်းကမ်းဥပဒေချမှတ်ပါတယ်။ အပြည်ပြည်ဆိုင်ရာစီးပွါးရေးလုပ်ငန်းတွေလာဘ်ထိုးပြီး အကျိုးအမြတ်ရအောင်လုပ်တာကို တားမြစ်တဲ့ဥပဒေပါပဲ။ အဖွဲ့ဝင် ၂၈ နိုင်ငံရှိပြီး ထိပ်ဆုံး ၁၀ နိုင်ငံမှာ ဂျပန်နဲ့တောင်ကိုရီးယား ပါဝင်ပါတယ်။ စီးပွါးရေးလုပ်ငန်းလမ်းညွှန်းကိုလည်း ချမှတ်ထားပါတယ်။

ဒါကြောင့် ရခိုင်ကမ်းလွန် ရွှေသဘာဝဓါတ်ငွေ့လုပ်ငန်းမှာ အစုစပ်ပါဝင်တဲ့ ဒေဝူးကုမ္ပဏီနဲ့ ကိုရီးယားဓါတ်ငွေ့ကုမ္ပဏီဟာ OECD ချမှတ်တဲ့ စီးပွါးရေးလုပ်ငန်းလမ်းညွှန်အချို့ကို ချိုးဖျက်တယ်လို့စွပ်စွဲပြီး အမေရိကန်အခြေစိုက် Earth Rights International နဲ့ တောင်ကိုရီးယားအဖွဲ့အစည်း ၉ ခုက လွန်ခဲ့တဲ့ အောက်တိုဘာလက တောင်ကိုရီးယားအစိုးရကို တိုင်တန်းခဲ့တယ်။ အဓမ္မစေခိုင်းမှု၊ ဒေသဖွံ့ဖြိုးရေးကိုလျစ်လျူရှုမှု၊ လျှို့ဝှက်လုပ်ကိုင်မှု၊ ဒေသခံတွေကိုမတိုင်ပင်မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု စတဲ့ပြစ်မှုတွေကိုကျူးလွန်တယ်ဆိုပြီး တိုင်တာပါပဲ။ ဒါပေမဲ့ တောင်ကိုရီးယားအစိုးရကလက်မခံဘဲ လွန်ခဲ့တဲ့ဒီဇင်ဘာလက ပယ်ချလိုက်တယ်။

ဗမာစစ်အစိုးရနဲ့ ဝေစားမျှစားလုပ်နေတဲ့ကုမ္ပဏီတွေကို တောင်ကိုရီးယားအစိုးရက အရေးယူဘို့ စိတ်ကူးပုံမရပါဘူး။ တောင်ကိုရီးယားဥပဒေကိုချိုးဖောက်တဲ့ ဒေဝူးကုမ္ပဏီအရာရှိတွေကိုတောင် ဒဏ်ငွေဆောင်ခိုင်းတာမျိုးပဲလုပ်တာတွေ့ရပါတယ်။ မြန်မာပြည်ကို စစ်လက်နက်ပစ္စည်းမတင်ပို့ဘို့ ပိတ်ပင်တားမြစ်ထားတဲ့ကြားက မြန်မာပြည်အလယ်ပိုင်းမှာ လက်နက်စက်ရုံတည်ဆောက်ပေးတဲ့ ဒေဝူးကုမ္ပဏီဥက္ကဋ္ဌကို ဒေါ်လာငါးသောင်းဒဏ်ရိုက်ပြီး မန်နေဂျာကို ဆိုင်းငံ့ထောင်ဒဏ် ၁ နှစ်ချမှတ်ပါတယ်။ ထောင် ၅ နှစ်ချနိုင်တဲ့အမှုကို စတိလောက်သာအရေးယူလိုက်တာဖြစ်တယ်။

တောင်ကိုရီးယားကုမ္ပဏီတွေဟာ သဘာဝဓါတ်ငွေ့နဲ့ လက်နက်ပစ္စည်းတင်မကသေးပါဘူး၊ ရှမ်းပြည်မြောက်ပိုင်း ရတနာသိင်္ဂီသတ္တုတွင်းဒေသမှာ တောင်ကိုရီးယားကုမ္ပဏီတခုက ရင်းနှီးမြှုပ်နှံဘို့စီစဉ်နေပါတယ်။ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်က ကြေးနီတူးဖော်ရေးလုပ်ငန်းမှာလည်း တောင်ကိုရီးယားကုမ္ပဏီသုံးခု ပါဝင်နေတယ်။ မွန်ပြည်နယ် ရေးမြို့က ထိုင်းနိုင်ငံအထိ မီးရထားလမ်းဖောက်ဘို့ကိစ္စကိုလည်း တောင်ကိုရီးယားကုမ္ပဏီတခုက လေ့လာနေကြောင်းသိရတယ်။ လွန်ခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာ ဒေါ်လာ သန်းပေါင်း ၃၅၀ ကျော် တောင်ကိုရီးယားက မြန်မာပြည်မှာမြှုပ်နှံတယ်။

စာတမ်းထိုး ကိုရီးယားရုပ်ရှင်ကို မြန်မာပြည်နေရာအနှံ့အပြားမှာကြည့်ရှုနေကြသလို ကိုရီးယားဘာသာစကားကို လေ့လာလိုက်စားသူတွေလည်း တိုးပွါးနေပါတယ်။ ရန်ကုန်နဲ့မန္တလေးမှာ ကိုရီးယားစကားပြောစာမေးပွဲ နှစ်စဉ်ကျင်းပနေပါတယ်။ လွန်ခဲ့တဲ့ဒီဇင်ဘာလကပဲ ဖ ကြိမ်မြောက် ကိုရီးယားစကားပြောစာမေးပွဲ ကျင်းပတယ်။

မြန်မာနဲ့တောင်ကိုရီးယားအလုပ်သမားဝန်ကြီးဌာနတွေ ၂၀၀၇ နိုဝင်ဘာလမှာလက်မှတ်ထိုးခဲ့တဲ့သဘောတူချက်အရ တောင်ကိုရီးယားကို အလုပ်ဗီဇာနဲ့သွားမယ့်မြန်မာနိုင်ငံသားတွေဟာ အလုပ်သမားဝန်ကြီးဌာနကကျင်းပတဲ့ ကိုရီးယားစကားပြောစာမေးပွဲ အောင်မြင်ဘို့လိုအပ်တယ်။ ချုံနမ်တက္ကသိုလ်ပညာရေးဌာနက ကိုရီးယားဘာသာစကားကိုသင်ကြားပို့ချနေပြီး မြန်မာ–ကိုရီးယားအဘိဓါန်ကိုပြုစုဘို့ကြိုးပမ်းနေကြောင်းလည်း သိရတယ်။ ဘာသာစကားနဲ့စီမံခန့်ခွဲမှုပညာကို ကိုရီးယားတွေကသင်ကြားပြသမှာဖြစ်ပြီး အောင်မြင်သူတွေကို တောင်ကိုရီးယားကို ပညာသင်စေလွှတ်မယ်လို့သိရတယ်။

မြန်မာကုန်သည်ကြီးများဖယ်ဒရေးရှင်းနဲ့ ကိုရီးယားတက္ကသိုလ်က စီးပွါးရေးနဲ့ယဉ်ကျေးမှုရေးရာဌာနကို ၂၀၀၆ ခုနှစ်ကတည်ထောင်တယ်။ တောင်ကိုရီးယားအစိုးရပညာတော်သင်အဖြစ် ကိုရီးယားတက္ကသိုလ်တွေမှာပညာသင်နိုင်ဘို့ ပညာသင်ဆု ၅ ဆု မြန်မာပြည်အတွက်သတ်မှတ်ထားတယ်။ KBS ကိုရီးယားရုပ်သံလွှင့်ဌာနကလည်း မြန်မာပြည်မှာ မှတ်တမ်းတင်ရုပ်ရှင်တွေရိုက်ကူးတယ်။ လွန်ခဲ့တဲ့နိုဝင်ဘာလက ပုဂံမြို့ဟောင်းမှတ်တမ်းဝင်ရုပ်ရှင်ရိုက်ကူးပြီး အခုတခါ နိဗ္ဗာန်လမ်းဆိုတဲ့အမည်နဲ့ အင်းလေးဒေသကိုနောက်ခံထားပြီး မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးမယ်လို့ သိရတယ်။

မြန်မာပြည်မှာ တောင်ကိုရီးယားကုမ္ပဏီတွေအလုပ်ဖြစ်နေတာဟာ ပုဂ္ဂိုလ်ရေးကိုအဓိကထားတဲ့ အာရှဓလေ့ကြောင့်ဖြစ်တယ်လို့ သုံးသပ်တာမျိုးရှိတယ်။ ဘယ်နိုင်ငံရေးစနစ်ပဲဖြစ်ဖြစ် ပုဂ္ဂလိကဆက်ဆံရေးကိုပြုစုပျိုးထောင်ပြီး တဖက်နဲ့တဖက် ယုံကြည်မှုတည်ဆောက်နိုင်ရင် စီးပွါးရေးလုပ်နိုင်တယ်လို့ တောင်ကိုရီးယားအရင်းရှင်လောကမှာ ယုံကြည်ကြတယ်။ ဒါကြောင့် ဥပဒေစည်းမျဉ်းကိုဂရုမစိုက်ဘဲ နားလည်မှုနဲ့လုပ်တတ်တဲ့မြန်မာ့အကျင့်နဲ့ အတော်တူတယ်လို့ ပြောနိုင်တယ်။

အနောက်တိုင်းမှာလို ကန်ထရိုက်နဲ့ရှေ့နေအားကိုးပြီး စီးပွါးရေးလုပ်တာမျိုး တောင်ကိုရီးယားမှာခေတ်မစားပါဘူး။ ဒါကြောင့်လည်း ဗမာစစ်အစိုးရနဲ့ဆက် ဆံရာမှာ တောင်ကိုရီးယားကတပန်းသာနေတာဖြစ်ပုံရပါတယ်။ ဗမာစစ်အစိုး ရကလည်း ပုဂ္ဂိုလ်ရေးကိုအဓိကထားပြီး လာဘ်ကောင်းကောင်းထိုးတတ်တဲ့ တောင်ကိုရီးယားကုမ္ပဏီတွေနဲ့ဆက်ဆံရတာ စိတ်တိုင်းကျဖြစ်နေပုံရတယ်။

တောင်ကိုရီးယားဟာ ဒီမိုကရေစီနိုင်ငံဖြစ်ပေမယ့် နိုင်ငံရေးခိုလှုံခွင့် တောင်းတဲ့နိုင်ငံခြားသားထဲမှာ ၄ ရာခိုင်နှုန်းပဲ ခိုလှုံခွင့်ရတာတွေ့ရတယ်။ ခိုလှုံခွင့်လျှောက်ထားသူ နှစ်ထောင်နီးပါးရှိတဲ့အနက် ၂၀၀၈ ခုနှစ်အထိ ၇၆ ယောက်သာ ခိုလှုံခွင့်ရသေးတယ်။ မြန်မာပြည်သားရှစ်ယောက် ၂၀၀၀ ခုနှစ်မှာ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားတာကို တောင်ကိုရီးယားတရားဌာနကပယ်ချလိုက်ပြီး ၂၀၀၅ ခုနှစ်မှာ မြန်မာပြည်ပြန်ပို့ဘို့စီစဉ်တဲ့အတွက် တရားဥပဒေကြောင်း အရေးယူရတဲ့အဖြစ်ကိုရောက်သွားတယ်။ ကိုရီးယားတရားရုံးက မြန်မာရှစ်ဦးကိုနေခွင့်ပြုကြောင်း ၂၀၀၆ ခုနှစ်မှာ ဆုံးဖြတ်လိုက်တယ်။ ဒါကို တောင်ကိုရီးယားတရားရေးဌာနက မကျေနပ်လို့ တရားရုံးချုပ်ကို အယူခံဝင်ပါတယ်။ တရားရုံးချုပ်ကလည်း မြန်မာရှစ်ဦးခိုလှုံခွင့်ပြုတဲ့ အောက်ရုံးစီရင်ချက်ကိုထောက်ခံတဲ့အတွက် ၂၀၀၈ ခုနှစ်မှာ နိုင်ငံရေးခိုလှုံခွင့်ရရှိသွားတယ်။

# ထိုင်းနယ်စပ်ဒုက္ခသည်စခန်း၌ အဂတိလိုက်စားမှုများရှိ၊ ပွဲစားများခြေချင်းလိမ်

**NEJ ၊ ဖေဖော်ဝါရီ ၁၈ ။** ။ တတိယနိုင်ငံများသို့ထွက်ခွာခွင့်ရရေးအတွက် ဒုက္ခသည်စခန်းများသို့ရောက်ရှိလာသည့်လူသစ်များထံမှ အခကြေးငွေယူကာ နိုင်ငံခြားသို့ထွက်ခွင့်ရရန် စီစဉ်ပေးသူများထဲတွင် ဒုက္ခသည်စခန်းတချို့မှ တာဝန်ရှိသူအချို့နှင့် ဝန်ထမ်းအချို့ ပါဝင်ပတ်သက်မှုရှိသဖြင့် ကရင်ဒုက္ခသည်ကော်မတီ KRC မှ ဝန်ထမ်းများလိုက်နာရန်စည်းကမ်းများကို မကြာခင်ထုတ်ပြန်ကာ အရေးယူမှုများပြုလုပ်သွားမည်ဟု မယ်လဒုက္ခသည်စခန်းမှ တာဝန်ရှိသူတဦးက ခေတ်ပြိုင်သို့ ပြောကြားသည်။

မယ်လဒုက္ခသည်စခန်း ဒုဥက္ကဌ စောထွန်းထွန်း က ဒီပြဿနာကို ကိုင်တွယ်ဖို့ ပြီးခဲ့တဲ့အပတ်က KRC အစည်းအဝေးမှာ ဆွေးနွေးခဲ့ပြီး ဝန်ထမ်းတွေလိုက်နာရမယ့်စည်းကမ်းချက်တွေကို ထုတ်ပြန်ကာ စည်းကမ်းမလိုက်နာတဲ့သူတွေကို အရေးယူသွားမှာဖြစ်တယ်၊ အဓိက က အလွဲသုံးစားမှုနဲ့ လာဘ်စားမှုတိုက်ဖျက်ရေးပဲဖြစ်တယ်၊ ပြဿနာအများဆုံးရှိတာက နို့ဖိုး၊ အုန်းဖျန်၊ မယ်လစခန်းတွေဖြစ်တယ် ဟု ပြောသည်။

လက်ရှိတွင် မယ်လစခန်းမှာ စာရင်းဝင်ဒုက္ခသည် ၂၈၇၀၀ ရှိပြီး စာရင်းမဝင်သည့်လူသစ်ဦးရေမှာ ၂၁၁၁၈ ဖြစ်သည်။ ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း အသစ်ဝင်ရောက်လာသူ ၁၃၀၀၀ ထဲမှ ၈၀၀၀ ခန့်ကိုသာ ရိက္ခာပေးနိုင်သည့် အနေအထားရှိသည့်အတွက် ဒုက္ခသည်တာဝန်ရှိသူများမှ စခန်းအတွင်းသို့ ကွင်းဆင်း၍ ရိက္ခာပေးရန် သင့် မသင့် စိစစ်သွားမည်ဟု စောထွန်းထွန်းက ပြောသည်။

တတိယနိုင်ငံထွက်ခွာခွင့်ရရေးနှင့်ပတ်သက်ပြီး အဂတိလိုက်စားမှုအများဆုံး စခန်း ၃ ခုတွင် ပြည်တွင်းမှ ငွေကြေးတတ်နိုင်သူများကြောင့် စခန်းတွင်း အကျင့်ပျက်ခြစားမှုများတနေ့ထက်တနေ့ပိုဆိုးရွားလာပြီး ရှုပ်ထွေးမှုများဖြစ်ပေါ်နေသည်။ သို့သော် ထိရောက်သည့်အရေးယူမှုများမရှိသေးကြောင်း၊ ပြည်တွင်းမှလူများ အိုးအိမ်ခြံမြေရောင်းပြီး ငွေထုပ်ပိုက်ကာ ပွဲစားများအစီအစဉ်ဖြင့် တတိယနိုင်ငံသို့ ထွက်ခွာခွင့်ရရေးကြိုးပမ်းကြရာမှ ဒုက္ခသည်စခန်းသမိုင်းတွင် မဖြစ်ပေါ်ဘူးသည့် အရှုပ်အရှင်းများဖြစ်ပေါ်ခဲ့ရသည်ဟု ဒုက္ခသည်စခန်းတခုအတွင်းမှ ဘာသာရေးရာတဦးက ပြောသည်။

ဒုက္ခသည်စခန်းဝင်ရန်အတွက် မယ်လနှင့် အုန်းဖျန်စခန်းတို့တွင် လူတဦးအတွက် အနည်းဆုံးဘတ် တသောင်းပေးရသည်ဟု သိရသည်။ ငွေပေးပြီး စာရင်းမဝင်သူတဦးက ကျနော်တို့အဖွဲ့ စာရင်းဝင်ဖို့ တယောက် တသောင်းပေးတာ စာရင်းဝင်တဲ့သူရှိသလို၊ စာရင်းမဝင်ပဲ ငွေကုန်ပြီး ဖွတ်မရဓားမဆုံး ဖြစ်သူတွေ အများကြီးပဲ၊ တသောင်းဆိုတာက စာရင်းဝင်ဖို့ပဲ၊ စာရင်းဝင်ပြီး ရိက္ခာစကေးရဖို့ကျတော့ နှစ်သောင်းကနေ သုံးသောင်းအထိပေးရတာတွေရှိတယ်၊ ကိုယ်ကလည်းခိုးကြောင်ခိုးဝှက်လုပ်ထားတော့ ဘယ်သူ့ကို တိုင်လို့ တိုင်ရမှန်းတောင်မသိဘူး ဟု ခေတ်ပြိုင်သို့ပြောသည်။

အထူးသဖြင့် တတိယနိုင်ငံသို့ထွက်ခွင့်ရရေးနှင့်ပတ်သက်ပြီး မကြာမီ အမေရိကန်သို့ထွက်ခွာတော့မည့် အုန်းဖျန်စခန်းတွင် လူစားထိုးဒုက္ခသည်စာရင်းဝင်ထားသူတဦးက နိုင်ငံခြားထွက်တဲ့အဆင့်အထိရောက်ဖို့ဆိုရင်တော့ အနည်းဆုံး ဘတ် ငါးသောင်းလောက်ရှိမယ်ဆိုရင် လုပ်ပေးတဲ့ပွဲစားတွေ စခန်းတွင်းမှာ အရန်သင့်ရှိတယ်၊ ငွေရှိဖို့ပဲလိုတယ် ဟု ပြောသည်။

လူစားထိုးခြင်းဆိုသည်မှာ ဒုက္ခသည်စခန်းတွင် နှစ်ရှည်နေထိုင်သူတချို့မှာ တတိယနိုင်ငံသို့ ထွက်ခွာလိုခြင်းမရှိသည့်အတွက် ရပ်ကွက်မှူးနှင့် ပွဲစားများက ငွေပေးပြီး ဒုက္ခသည်အမည်ပေါက်စာရင်းကို မြန်မာနိုင်ငံတွင်းမှလာသည့် ငွေရှင်များဖြင့် နေရာအစားထိုးခြင်းဖြစ်သည်။ တနည်းဆိုရလျှင် ဒုက္ခသည်စခန်းတွင် အစောပိုင်းကတည်းကရောက်နေသည့် ကရင်ဒုက္ခသည်အစစ်တဦး၏စခန်းတွင်းနေသည့်သက်တမ်းကာလကို အရောင်းအဝယ်လုပ်သည့်သဘောဖြစ်နေသည်။

နှစ်ရှည်ဒုက္ခသည်တဦးဖြစ်သူ စောတကော်က ငါတို့မိသားစု ၃ ဦးကို နာမည်ရောင်းဖို့ ရပ်ကွက်လူကြီးက ဘတ် ၁၅၀၀၀ ပေးတယ်၊ လူကြီးကပြောတယ်၊ ငွေလည်းရမယ်၊ စခန်းကထွက်စရာမလိုဘူး၊ အရင်လိုရိက္ခာလည်း ဆက်ရမယ်ဆိုလို့ရောင်းလိုက်တာ၊ ရပ်ကွက်လူကြီးကတိတည်တယ်၊ အားလုံးအဆင်ပြေတယ်၊ ကိုယ်ကတော့ နာမည်အသစ်နဲ့ နေရတာရှိတယ် ဟု ပြောသည်။

ထိုင်းနယ်စပ်ဒုက္ခသည်စခန်းမှတဆင့် အမေရိကန်သို့ထွက်ခွာခွင့်ရရန် ကြိုးပမ်းနေသူများထဲတွင် မြန်မာနိုင်ငံအနှံ့မှလာရောက်သူများသာမက စင်္ကာပူ၊ မလေးရှား စသည့်နိုင်ငံများတွင် အလုပ်လုပ်နေသည့် မြန်မာပြည်ဖွားတိုင်းရင်းသားအချို့လည်းပါဝင်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများပါ စခန်းတွင်းဝင်ရောက်လှုပ်ရှားလျက်ရှိသည်ဟု ခေတ်ပြိုင်က စုံစမ်းသိရှိရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် ထိုင်းအာဏာပိုင်များ၏အစီအစဉ်ဖြင့် မြန်မာဒုက္ခသည်များကို တတိယနိုင်ငံသို့ထွက်ခွာခွင့်ရရန် မြန်မာနိုင်ငံဒေသအသီးသီးမှ လူများသည် ငွေထုပ်ပိုက်ဟာ ကြိုးပမ်းကြရာမှ စခန်းတာဝန်ရှိသူများနှင့် ဝန်ထမ်းများအကြား အဂတိလိုက်စားမှုများ တိုးပွားလာခြင်းဖြစ်သည်။

အုန်းဖျန်၊ နို့ဖိုး၊ မယ်လဒုက္ခသည်စခန်းများသို့သွားကာ သက်ဆိုင်ရာစခန်းကော်မတီဝင်များ၊ ရပ်ကွက်မှူးများ၊ ပွဲစားများဖြင့်ဆက်သွယ်ကာ မှတ်ပုံတင်ပြုလုပ်ကြသည်။ ရာနှင့်ချီရှိသည့် အဆိုပါလူများတွင် မဲဆောက်မြို့မြန်မာ့စီးပွားရေးအလွှာအသီးသီးတွင် လုပ်ကိုင်နေကြသူအများစုပါဝင်သည်။

မဲဆောက်ကျောက်ဝိုင်းမှ ကျောက်အရောင်းအဝယ်လုပ်ကိုင်ကြသည့် မြန်မာများအနည်းဆုံး ၁၀၀ ခန့်သည် တနှစ်ကျော်ကာလအတွင်း အမေရိကန်သို့ ရောက်သွားပြီဟု ယခုအခါ သားသမီးများအမေရိကန်သို့ရောက်နေပြီဖြစ်သည့် မြန်မာကျောက်ကုန်သည်တဦးက ပြောသည်။

အမေရိကန်နှင့် အခြားနိုင်ငံများသို့ ရောက်ရှိပြီး ၄င်းနိုင်ငံသားများဖြစ်သွားကြသောမြန်မာလူမျိုးတချို့ မဲဆောက်သို့ပြန်လာကာ ဆွေမျိုးသားချင်းများနှင့် တတိယနိုင်ငံတနိုင်ငံသို့ သွားလိုသူများအတွက် ကူညီမှုများရှိပြီး အချို့မှာ ပွဲစားများကဲ့သို့ အခကြေးငွေများယူကာ မက်လုံးပေးစည်းရုံးမှုများကြောင့် မြန်မာအချို့ ခရီးပေါက်သူများရှိသလို အချို့အလိမ်ခံရရုံမက အမျိုးသမီးများဘဝပျက်ခဲ့ကြရသည်များလည်းရှိသည်။

ဒုက္ခသည်စခန်းများတွင်လည်း စခန်းတာဝန်ရှိသူများကိုယ်တိုင် လာဘ်ပေးလာဘ်ယူမှုများပြုလုပ်ကြသဖြင့် စခန်းများအတွင်း ဒုက္ခသည်အစစ်နှင့် အတုများအကြား မကျေနပ်မှုများရှိကြသော်လည်း မပြောရဲကြောင်း၊ ၄င်းအတုများကို စခန်းတာဝန်ရှိသူများက အရေးကြီးပုဂ္ဂိုလ်များကဲ့သို့ ထားကြောင်း၊ သာမန်လူများအနေဖြင့်ကြည့်လျှင် ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုမှ ထွက်ပြေးတိမ်းရှောင်လာသူများဟု ထင်ရလောက်အောင် ဟန်ဆောင်ကောင်းကြောင်း ဒုက္ခသည်တဦးက ပြောသည်။

လူမှောင်ခိုနည်းဖြင့်ရောက်လာကြသည့်ဒုက္ခသည်အတုတို့သည် ဘီဘီစီ၊ ဗွီအိုအေ တို့ကို အချိန်မှန်နားထောင်ခြင်း၊ နိုင်ငံရေးအဖွဲ့အစည်းများမှထုတ်ဝေသည့် စာအုပ်စာတမ်းများကိုင်ဆောင်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းများကို အလွတ်ကျက်ခြင်း၊ ၈၈ နောက်ပိုင်း အရေးကြီး မြန်မာ့နိုင်ငံရေးအဖြစ်အပျက်များနှင့် နေ့စွဲများကို အလွတ်ကျက်ခြင်းများပြုလုပ်ကာ ဟန်ဆောင်ကြသည် ဟု သိရသည်။

၄င်းအဖြစ်အပျက်များနှင့်ပတ်သက်၍ ဒုက္ခသည်စခန်းတချို့မှ တာဝန်ရှိသူများနှင့် NGO များကို မေးမြန်းကြရာ ကောလာဟာလသတင်းများဟုဆိုကာ အဖြစ်မှန်ကို ဖုံးကွယ်၍ တုံ့ပြန်ဖြေကြားကြသည်။

ငွေအလုံးအရင်းပေးနိုင်သူများသည် ဒုက္ခသည်စခန်းအတွင်း လာရောက်

**စာမျက်နှာ ၁၂ သို့**

# မြန်မာခရီးစဉ် မစ္စတာဂမ်ဘာရီ အားမရ၊မြန်မာ့နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုမရှိသေး

**VOA ၊ ဖေဖော်ဝါရီ ၂၁ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာအီဘရာဟင်ဂမ်ဘာရီဟာ လွန်ခဲ့တဲ့တနှစ်ခွဲအတွင်း ၅ ကြိမ်မြောက် မြန်မာနိုင်ငံကိုသွားခဲ့တဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး သောကြာနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတံခါးပိတ်အစည်းအဝေးပွဲတခုမှာ အစီရင်ခံရာမှာ သူ့ရဲ့ခရီးစဉ်အတွင်း လက်ဆုပ်လက်ကိုင်ပြနိုင်မယ့် ဖြစ်ထွန်းတိုးတက်မှုတွေမရရှိခဲ့ဘူးလို့ တင်ပြခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီအနေနဲ့ ဂျန်နဝါရီလ ၃၁ ရက်နေ့က ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ သူသွားရောက်ခဲ့တဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အတွင်းရေးမှူးချုပ်ရဲ့လုပ်ပိုင်ခွင့်အာဏာအောက်တွင်ကြိုးပမ်းရာမှာ တိုးတက်မှုမရရှိခဲ့ဘူးလို့ လုံခြုံရေးကောင်စီကိုအစီရင်ခံခဲ့တယ်လို့ အခု လို သတင်းထောက်တွေကို သောကြာနေ့ကပြောခဲ့ပါတယ်။

"ကျနော့အနေနဲ့ လုံခြုံရေးကောင်စီကိုအစီရင်ခံရာမှာ ကျနော့ခရီးစဉ်ရဲ့ရလဒ်တွေမှာ လက်ဆုပ်လက်ကိုင်ပြနိုင်မယ့်တိုးတက်မှုတွေမရှိခဲ့ဘူးလို့ အစီရင်ခံခဲ့ပါတယ်၊ ဒါပေမယ်လို့ တချို့အချက်တွေမှာတော့ လှုပ်ရှားမှုတွေမြင်ရသယောင်တော့ရှိပါတယ်၊ အခုချိန်ဟာ မြန်မာနိုင်ငံအစိုးရအနေနဲ့ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးရေးနဲ့ အစိုးရနဲ့ဒေါ်အောင်ဆန်းစုကြည်တို့အကြား ဆွေးနွေးပွဲတွေပြန်လည်စတင်ဘို့ပါဝင်တဲ့ နိုင်ငံတကာရဲ့စိုးရိမ်မကင်းဖြစ်မှုတွေကို လက်ဆုပ်လက်ကိုင်ပြနိုင်ဘို့ သန္နိဌာန်ခိုင်မာတယ်ဆိုတာကိုပြသဘို့အချိန်ဖြစ်တယ်လို့ စစ်အစိုးရကို ကျနော်ပြောခဲ့ပါတယ်"

မစ္စတာဂမ်ဘာရီရဲ့ ဒီတကြိမ်ခရီးစဉ်အတွင်း စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံခွင့်မရရှိခဲ့ပေမဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD စီအီးစီအဖွဲ့ဝင်တွေအပြင် SNLD ရှမ်းတိုင်းရင်းသားခေါင်းဆောင်တချို့အပြင် မြန်မာစစ်အစိုးရ ပြောခွင့်ရဝန်ကြီးအဖွဲ့နဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။

အခုလိုတွေ့ဆုံရာမှာ အုပ်စုအားလုံးတို့ရဲ့တင်ပြချက်တွေကို သူ့အနေ နဲ့ လုံခြုံရေးကောင်စီထံကိုအစီရင်ခံခဲ့တယ်လို့ မစ္စတာဂမ်ဘာရီကပြောပါတယ်။ ဒ့ါအပြင် မြန်မာစစ်အစိုးရအတွက် အခုချိန်မှာ လက်ဆုပ်လက်ကိုင်ပြနိုင်မယ့် အရေးယူဆောင်ရွက်မှုမျိုးပြချိန်တန်ပြီလို့လည်း အကြံပေးခဲ့တဲ့အကြောင်း မစ္စတာဂမ်ဘာရီကပြောပါတယ်။

"ကျနော်တို့အနေနဲ့ အစိုးရကိုထောက်ပြခဲ့တယ်၊ အခုချိန်ကစလို့ နောင်လာမယ့်လတွေအတွင်း မြန်မာစစ်အစိုးရဘက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုရော ထိပ်သီးညီလာခံကျင်းပဘို့ရှိတဲ့အာဆီယံကိုပါ ဧပြီလပထမပတ်မှာ အာဆီယံနဲ့ကုလသမဂ္ဂအကြားကျင်းပမယ့် ထိပ်သီးညီလာခံကိုရော မြန်မာနိုင်ငံ အပေါ် ပေါ်လစီအသစ်ပြောင်းဘို့လေ့လာသုံးသပ်နေတဲ့ အမေရိကန်အစိုးရကို ပါ အပြုသဘောဆောင်တဲ့အရိပ်လက္ခဏာပြသသင့်တဲ့အချိန်ကောင်းဖြစ်တယ်လို့ ကျနော်ပြောခဲ့ပါတယ်"

မြန်မာစစ်အစိုးရအနေနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ အကျဉ်းသား ၆၀၀၀ ကျော်ပြန်လွှတ်ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ မစ္စတာဂမ်ဘာရီကတော့ အခု လွှတ်ပေးမယ့်အကျဉ်းသားတွေထဲ နိုင်ငံရေးအကျဉ်းသားတွေပါဝင်မယ့်အရေ အတွက် ဘယ်လောက်ပါသလဲဆိုတာ အရေးကြီးတယ်လို့ သတင်းထောက်တွေကိုပြောခဲ့ပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများဘဝကို စာနာတယ်လို့လည်း သူကပြောခဲ့ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာဂျိန်မောရစ်ရီပဲတ်ကတော့ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ အားရကျေနပ်ဖွယ်မတွေ့ရဘူးလို့ အခုလိုပြောခဲ့ပါတယ်။

"သူ့ရဲ့အစီရင်ခံစာကတော့ အားရစရာမကောင်းပါဘူးလို့ ဝမ်းနည်းစွာပဲပြောရမှာပါ။ သူ့အနေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့မတွေ့ခဲ့ရပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့တာကတော့ မှန်ပါတယ်၊ ဒါကတော့ အနည်းဆုံး ဒီလောက်တော့ဖြစ်ရမှာပေါ့။ ဒါပေမယ်လို့ မြန်မာအာဏာပိုင်ထံက တကယ်စစ်မှန်တဲ့တံခါးဖွင့်မယ့်အရိပ်လက္ခဏာမျိုး သူမရရှိခဲ့ပါဘူး၊ တခုခုတော့လုပ်ပေးပ့ါမယ်ဆိုတဲ့ မရေရာတဲ့ကတိသာ ရရှိခဲ့ပါတယ်"

ဒ့ါအပြင် ပြင်သစ်အပါအဝင် အီးယူအနေနဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ပေါ်လစီကိုသုံးသပ်နေပြီး လိုအပ်ရင် လုံခြုံရေးကောင်စီမှာတင်ပြမယ်လို့လည်း ပြင်သစ်သံအမတ်ကြီးကပြောခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ မြန်မာနိုင်ငံရဲ့ အနာဂတ်ရေးကို အခြေခံရပါမယ်။ ဒါပေမဲ့ လာမယ့်ရက်တွေမှာ ဘာမှဖြစ်မလာဘူးဆိုရင်တော့ လုံခြုံရေးကောင်စီအနေနဲ့ တာဝန်သိသိနဲ့အရေးယူဆောင်ရွက်ဘို့လိုအပ်သလို ပြင်သစ်နိုင်ငံကလည်း လုပ်သင့်တာကိုလုပ်ဆောင်သွားမှာပါ။ ဗြိတိန်သံအမတ်ကြီး ဂျွန်ဆောရပ်စ်ကတော့ သူ့အစိုးရအနေနဲ့ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ အားရကျေနပ်မှုမရှိဘူးလို့ အခုလိုပြောပါတယ်။

"ကျနော်တို့အစိုးရအတွက် တကယ်ပဲအလေးထားတဲ့ စိုးရိမ်မကင်းတဲ့ ကိစ္စရပ်တွေမှာ တိုးတက်မှုမရရှိတာကတော့ ဝမ်းနည်းစရာပါ။ အခြေအနေဟာ နောက်ပြန်ဆုတ်နေပါတယ်၊ နိုင်ငံရေးအကျဉ်းသားတွေ ၆၅ နှစ်လောက် အကျဉ်းထောင်ထဲချခံနေရတာကို မြင်တွေ့နေရပါတယ်၊ လွတ်လပ်စွာပြောဆိုခွင့်မရှိတဲ့ အတွက် အရေးယူခံကြရတယ်၊ ပြီးခဲ့တဲ့နိုဝင်ဘာလကပဲ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်ကို နယ်ထောင်တွေဆီပို့လိုက်ကြတယ်၊ အခုဆို နိုင်ငံရေးအကျဉ်း သား ၂၂၀၀ ရှိသွားပြီ"

ဒ့ါအပြင် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသွားရောက်ဘို့အချိန်ဟာလည်း အခုချိန် အချိန်ကောင်းဖြစ်တယ်လို့ မစ္စတာဆောရပ်စ်ကပြောပါတယ်။ မစ္စတာဂမ်ဘာရီ စွမ်းဆောင်နိုင်ခြင်းမရှိတဲ့ကိစ္စရပ်တွေကို မစ္စတာဘန်ကီမွန်းသွားရောက်ရင် စွမ်းဆောင်ပေးနိုင်မယ့်အလားအလာရှိတယ်လို့လဲ သူကတင်ပြသွားပါတယ်။

လက်ရှိလုံခြုံရေးကောင်စီရဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ဂျပန်သံအမတ်ကြီး ယူကီယိုတာကာဆူ ကတော့ ဂျပန်နိုင်ငံရဲ့သဘောထားကို အခုလိုတင်ပြသွားပါတယ်။

"ဂျပန်တို့အမြင်ကတော့ မြန်မာစစ်အစိုးရအနေနဲ့ ဒီမိုကရေစီလမ်းပြမြေပုံကိုဖော်ဆောင်ဘို့ အဆင့် ၄ ဆင့်ရောက်နေပြီ၊ ၂၀၁၀ ရွေးကောက်ပွဲကြီးကျင်းပဘို့ကလည်း စီစဉ်ထားပြီးသားဖြစ်တယ်၊ ဒါကြောင့် ဂျပန်နိုင်ငံအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ အုပ်စုအားလုံးတို့ပါဝင်ခွင့်ရဘို့ မျှော်လင့်တယ်၊ အတိုက်အခံအင်အားစုအားလုံး ပါဝင်ရမယ်လို့လည်း မျှော်လင့်တယ်" လို့ ဂျပန်သံအမတ်ကြီးကပြောသွားတာဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီအနေနဲ့က တော့ မြန်မာနိုင်ငံခရီးစဉ်အပြီး ဂျပန်နဲ့တရုတ်နိုင်ငံတို့ကိုသွားရောက်ခဲ့ရာမှာ တရုတ်အစိုးရအရာရှိတွေနဲ့တွေ့ဆုံခဲ့အပြီး မြန်မာအကြောင်းဆွေးနွေးခဲ့ရာမှာတော့ ကုလသမဂ္ဂကတောင်းဆိုထားတဲ့ အချက် ၅ ချက်ကို ထောက်ခံတဲ့ အကြောင်း၊ မြန်မာနိုင်ငံတည်ငြိမ်ပြီး ဒီမိုကရေစီဖော်ဆောင်နိုင်မှ မြန်မာနိုင်ငံအတွက်သာမက ဒေသတခုလုံးအတွက်ပါ အကျိုးရှိမှာဖြစ်တယ်လို့ တရုတ်ကရှုမြင်တဲ့အကြောင်း တရုတ်က သူ့ကိုပြောခဲ့တယ်လို့ မစ္စတာဂမ်ဘာရီက သတင်းထောက်တွေကိုပြောခဲ့ပါတယ်။

# အဲန်အဲလ်ဒီနှင့် စစ်အစိုးရ တွေ့ဆုံကြရန် ကုလသမဂ္ဂကတောင်းဆို

## လက်ရှိအခြေအနေအရ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုများဖြစ်ထွန်းရန် အလှမ်းဝေးနေဦးမည်

**NEJ ၊ ဖေဖော်ဝါရီ ၂၀ ။** ။ မြန်မာစစ်အစိုးရနှင့် အတိုက်အခံ အဲန်အဲလ်ဒီတို့ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားပဲ မြန်မြန်ဆန်ဆန်ဆွေးနွေးကြရန် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌက ယမန်နေ့က တိုက်တွန်းလိုက်သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံဆွေးနွေးအပြီး အထွေထွေညီလာခံဥက္ကဋ္ဌ မီဂဲလ်ဒက်စ်ကိုတို ယင်းကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်အတွင်း တင်ပြခဲ့သည့်အကြံပေးချက်များအရ ခိုင်မာသည့်ရလဒ်ကောင်းများပေါ်ထွက်အောင်လုပ်သည့်နည်းဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဆောင်ရွက်ပေးမှုအား ပူးပေါင်းလုပ်ကိုင်ပါမည်ဆိုသည့် မိမိတို့ကတိကို အကောင်အထည်ဖော်ပြသရန် အခွင့်အရေးကောင်းတခုဖြစ်သည့်အတွက် ထိုအခွင့်အရေးကို အမိအရဆုပ်ကိုင်ထားရန် စစ်အစိုးရအား မစ္စတာ ဒက်စ်ကိုတို က ဆက်လက်တိုက်တွန်းထားသည်။

အထွေထွေညီလာခံဥက္ကဋ္ဌထုတ်ပြန်ချက်သည် ယင်းညီလာခံမှ ချမှတ်ထားသည့်ဆုံးဖြတ်ချက်များမှ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်အရ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးလေးစားရေး ဒီမိုကရေစီနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးတို့ ပေါ်ထွန်းလာအောင် အထွေထွေညီလာခံ၏အဆက်မပြတ်လုပ်ကိုင်နေမှုကို ထပ်လောင်းအတည်ပြုစေသည်။ ထို့အပြင် မစ္စတာဂမ်ဘာရီ၏ကြိုးပမ်းအားထုတ်မှုနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ဆောင်ရွက်မှုကို အထွေထွေညီလာခံဥက္ကဋ္ဌက ဆက်လက်ထောက်ခံနေကြောင်း ထပ်လောင်းပြသခြင်းလည်းဖြစ်သည်ဟု ဖော်ပြထားသည်။

မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံ၏အခြေအနေနှင့်ပတ်သက်ပြီး ယနေ့ ကုလ သမဂ္ဂလုံခြုံရေးကောင်စီသို့ ရှင်းလင်းတင်ပြမည်ဖြစ်သည်။

စစ်အစိုးရနှင့် အဲန်အဲလ်ဒီတို့တွေ့ဆုံဆွေးနွေးရန် အထွေထွေညီလာခံဥက္ကဋ္ဌက တောင်းဆိုနေသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာယူထားသမျှ ကာလပတ်လုံးတွေ့ဆုံဆွေးနွေးပွဲဖြစ်ရန် အလားအလာနည်းသည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ခေတ်ပြိုင်သို့ပြောသည်။

အခြေအနေကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရှိနေသမျှတော့ တွေ့ဆုံဖို့မလွယ်ဘူး၊ နောင်ကျရင်တော့ အပြောင်းအလဲတွေဖြစ်လာရင်တော့ မြန်မာ့နိုင်ငံရေးလည်း ပြောင်းလဲသွားမယ်လို့ ဒီလိုပဲ ယုံကြည်တယ်၊ ဒါ တကယ့် အခြေအနေပဲလေ၊ သူကတော့ သူ့တသက်ကို အာဏာရှင်အနေနဲ့ သွားချင်တယ်လို့ ဒီလိုပဲမြင်တယ်လေ၊ အခု အခြေအနေအရကလည်း နေနိုင်တဲ့အခြေအနေလို့ ကျနော်မြင်တယ်၊ ဘာလို့လဲဆိုတော့ ဒီဟာက ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အင်ဒိုနီးရှားဖြစ်ဖြစ်၊ ကိုရီးယားဖြစ်ဖြစ်၊ ဖိလစ်ပိုင်ဖြစ်ဖြစ် အပြောင်းအလဲပေါ်လာတယ်ဆိုတာက အတွင်းကလူတွေကိုယ်တိုင်က တပ်ဆို တပ်တွင်းက လူတွေကိုယ်တိုင်က ဒီမိုကရေစီကိုလိုလားပြီးတော့ ပူးပေါင်းဆောင်ရွက်လာမှ သာဖြစ်တာ၊ မြန်မာပြည်မှာ အဲဒီလိုအခြေအနေကို အခုထိအောင်တော့ ကျနော်မမြင်သေးဘူး၊ အတွင်းမှာဘယ်လောက်ဖြစ်နေမယ်ဆိုတာတော့ မသိဘူးလေ၊ ဒါပေမဲ့ အပေါ်ယံကြည့်ရတာကတော့ နိုင်နိုင်နင်းနင်းအုပ်ချုပ်နေနိုင်တယ်လို့ ဒီလိုပဲမြင်တယ်၊ ကုလသမဂ္ဂအနေနဲ့ကလည်း တွေ့ဆုံဆွေးနွေးရေး ဆုံးဖြတ်ပေးထားတာကလည်း အများကြီးပဲ၊ နှစ်တွေလည်း အများကြီးပဲ၊ လုံခြုံရေးကောင်စီကျတော့လည်း ရုရှားနဲ့ တရုတ်ကနေ မြန်မာအစိုးရဘက်ကို အကာအကွယ်ပေးထားတော့ ဘာမှမဖြစ်ဘူး ဟု သခင်ချန်ထွန်းက သုံးသပ်သည်။

အဲန်အဲလ်ဒီဘက်ကမူ စစ်အစိုးရအားတွေ့ဆုံဆွေးနွေးရန်တိုက်တွန်းသည့်ကြေညာချက်တရပ်ကို ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ပြန်ခဲ့သော်လည်း စစ်အစိုးရဘက်မှ တစုံတရာအကြောင်းပြန်ကြားခြင်း မရှိသေးပေ။

အဆိုပါကြေညာချက်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သူမနာကိုယ်မနာလမ်းစဉ်ဖြင့် အလျှော့အတင်းလုပ်၍ တွေ့ဆုံဆွေးနွေးရန်ကြိုးပမ်းနေသော်လည်း စစ်အစိုးရဘက်က တွေ့ဆုံဆွေးနွေးခြင်းမဖြစ်အောင် လုပ်ဆောင်နေသည်ဟု စွပ်စွဲထားသည်။

သို့သော် တွေ့ဆုံဆွေးနွေးရေးစတင်နိုင်ရန်အတွက် သင်ပုန်းချေရေးကိစ္စကို စတင်ဆွေးနွေးသင့်သည်ဆိုသည့်မူကို အဲန်အဲလ်ဒီက လက်ကိုင်ထား သည့်အတွက် သူမနာ ကိုယ်မနာလမ်းစဉ်မှာ သင်ပုန်းချေရေးကို ရည်ရွယ်ပုံရ သည်ဟု ရန်ကုန်နိုင်ငံရေးအကဲခတ်တချို့က ယူဆသည်။

ယနေ့ပေါ်ပေါက်နေသော အမျိုးသားရေးပြဿနာများ၏အဖြေမှာ သင်ပုန်း ချေရေးအပေါ်မူတည်နေသည်ဟု အဖွဲ့ချုပ်က ယုံကြည်ကြောင်း ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်သည့်အဖွဲ့ချုပ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် သင်ပုန်းချေရေးနှင့်ပတ်သက်၍ အကောင်အထည်ပေါ်လာပါက မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် အခြေအနေများ တိုးတက်လာမည့်လမ်းစပေါ်နိုင်သည်ဟု ယုံကြည်ကြောင်း အဖွဲ့ချုပ်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ စီးပွားရေးအဆက်အ သွယ်ဖြတ်တောက်ရေး၊ အလုံးစုံပိတ်ဆို့ရေး စသည့်အချက် ၄ ချက်ကို အဲန်အဲလ်ဒီက စွန့်လွှတ်မှသာလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်တိုင်တွေ့ဆုံမည်ဆိုသည့်အကြောင်း စစ်အစိုးရဘက်က ကြေညာချက်အမှတ် ၁၂၀၀၇ ဖြင့် ထုတ်ပြန်ထားပြန်သည်။ တချိန်တည်းမှာပင် နအဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဲန်အဲလ်ဒီနှင့် တွေ့ဆုံဆွေးနွေးရန်မလိုကြောင်း ကြံ့ခိုင်ဖွံ့ဖြိုးဖနများစွာတရားဝင်ပြောကြားခဲ့ပြီးဖြစ်သည်။

စစ်အစိုးရဘက်က တောင်းဆိုထားသည့် အချက် ၄ ချက်နှင့်ပတ်သက်သည့် ကိစ္စများမဖြစ်ပေါ်ရအောင် နှစ်ဦးနှစ်ဘက်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သဘောတူညီချက်များကိုလည်း နှစ်ဘက်ကြေညာချက်ထုတ်ပြန်ရန် အသင့်ရှိကြောင်း ဆက်ဆံရေးဝန်ကြီးမှတဆင့် စစ်အစိုးရအာဏာပိုင်များထံ အသိပေးခဲ့ကြောင်း အဲန်အဲလ်ဒီ၏ ဖေဖော်ဝါရီ ၁၇ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားပြန်သည်။

ထို့ကြောင့် အဲန်အဲလ်ဒီနှင့် အစိုးရတွေ့ဆုံဆွေးနွေးရေးအခြေအနေသည် ကုလ သမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ဒက်စ်ကိုတို တောင်းဆိုထားသကဲ့သို့ အမှန်တကယ်အကောင်အထည်ပေါ်လာမည်လား သို့မဟုတ် ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းယူဆသကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပြောင်းအလဲဖြစ်မှ အဆင်ပြေမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

သေချာသည့်အချက်မှာ အဲန်အဲလ်ဒီအားစွပ်စွဲထားသည့်အချက် ၄ ချက်ကို စစ်အစိုးရဘက်က ပြန်လည်မရုပ်သိမ်းသမျှ တွေ့ဆုံဆွေးနွေးရေးမှာ အလှမ်းဝေးနေဦးမည်ဖြစ်သည်။

**ကျော်ကျော်စိုး**

# တရားဥပဒေစိုးမိုးမှု

လူ့သမိုင်းစဉ်ကို လေ့လာကြည့်လိုက်လျှင် အုပ်ချုပ်သူနှင့် ဥပဒေဆိုသည်မှာ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရပေ။ ဥပဒေဆိုသည်မှာ အုပ်ချုပ်သူများ၏ဆန္ဒဟုဆိုကြသည်။ ထိုသို့ အုပ်ချုပ်သူများ၏ဆန္ဒများကို အတင်းအဓမ္မ လက်တွေ့အကောင် ထည်ဖော်ကြသည့်အခါ လူ့သမိုင်း၌ ကြေကွဲစရာများ၊ ကြောက်မက်ဖွယ်ရာအိပ်မက်ဆိုးများ၊ နာကျည်းဖွယ်ရာများနှင့် ကြုံတွေ့ရသည်များရှိသည်။

ဤသည်က ဥပဒေနှင့်အုပ်ချုပ်ခြင်း(Rule by Law)ဖြစ်သည်။ ဥပဒေနှင့် အုပ်ချုပ်သည်မှာ ကောင်းသည်ဟု ပြောကြပေမည်။ အကြမ်းဖျင်းအားဖြင့်ကြည့်လိုက်လျှင်ကောင်းပါသည်။ သို့သော် ဥပဒေ၏အနှစ်သာရက မည်သို့ဆိုသည်ကို နက်နက်ရှိုင်းရှိုင်းကြည့်လိုက်မည်ဆိုလျှင် မတရားသောဥပဒေများ (Unjustice Law) ဖြစ်နိုင်သည်၊ ဥပဒေကို လိုသလိုဆွဲသုံးသည်များရှိနိုင်သည်။

တရားဥပဒေစိုးမိုးမှု (Rule of Law) သည် ဒီမိုကရေစီထွန်းကားသော လူ့အဖွဲ့အစည်းအတွက်၊ ထို့နောက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နေသည့် လူ့အဖွဲ့အစည်းအတွက် အရေးကြီးလှသည်။ မည်သည့်လူ့အဖွဲ့အစည်း၌ဖြစ်ဖြစ် မည်သည့်အစိုးရအောက်မှာပင်ဖြစ်ဖြစ် ပြဿနာကင်းသည်၊ မည်သည့်ပြဿနာမျှမရှိဆိုသည်မှာမရှိပေ။ လူရှိလျှင် ပြဿနာရှိမည်။ ထို့သို့ ပြဿနာများရှိလာလျှင် နည်းမှန်လမ်းမှန်နှင့်ဖြေရှင်းနိုင်ရန်လိုအပ်သည်။

ထို့ကြောင့် တရားဥပဒေစိုးမိုးရေးဆိုသည်ကို လူသားများ တောင့်တကြခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးသည့်အတွက် လူ့အဖွဲ့အစည်းထဲရှိ ပြည်သူပြည်သားများအတွက် အခြေခံကျသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သက်ဆိုင်သည့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည်။ မင်းဆိုးမင်းညစ်များ အုပ်ချုပ်သည့်အခါ၊ ဥပဒေမဲ့ ထင်ရာကြဲအုပ်ချုပ်ကြသည့်အခါ ခုနက ဆိုသည့် အခြေခံအခွင့်အရေးများဆိုသည်မှာ ရေထဲအရုပ်ရေးသလိုဖြစ်တော့သည်။ အရာမထင်တော့ပေ။

နိုင်ငံရေးသမားများ၊ နိုင်ငံရေးလှုပ်ရှားသူများဘက်မှရှေ့နေလိုက်ပေးကြသည့် ဦးအောင်သိန်း က သူ၏အမှုသည်များကို တရားစီရင်မှုနှင့်ပတ်သက်၍ တရားရုံးတွင် တရားစီရင်ရေးကိုမယုံကြည်တော့ ဆိုသည့် စကားရပ်ကို သုံးစွဲကာ နအဖလက်အောက်ရှိ တရားရုံးများ၏လုပ်ရပ်များကို ဝေဖန်ပြောဆိုခဲ့သည်။ ဤသည်က မည်သည့်အရာကိုဖော်ပြနေသလဲဆိုမှာ နအဖလက်ထက်၌ တရားရုံးများသည် သီးခြားလွတ်လပ်မှုမရှိ၊ တရားဥပဒေစိုးမိုးမှုမရှိ၊ ဥပဒေကို အားကိုး၍မရ ဆိုသည်ကို ပြသနေသည်။

တရားဥပဒေစိုးမိုးမှုဟုဆိုသည့်အတွက် ထို တရားဥပဒေစိုးမိုးမှုဆို သည့် အဓိပ္ပာယ်မှာ အဘယ်နည်းဟု မေးခွန်းထုတ်စရာရှိသည်။ တရားဥပဒေစိုးမိုးသည်ဆိုသည်မှာ သမတပင်ဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ပင်ဖြစ်ဖြစ်၊ နိုင်ငံရေးသမားပင်ဖြစ်ဖြစ်၊ သာမန်ပြည်သူပင်ဖြစ်ဖြစ်၊ မည်သူမျှ ဥပဒေအထက်မှာမရှိရဆိုသည်ပင်ဖြစ်သည်။ ထိုသဘောထားကို နအဖဗိုလ်ချုပ်တဦးဖြစ်သည့် သူရရွှေမန်း က ဘယ်သူတဦးတယောက်ကမှ ဥပဒေအထက်မှာမရှိရဘူး ဆိုကာ လူသိရှင်ကြား သုံးစွဲပြောဆိုခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၌ တကယ်တမ်းလက်တွေ့မှာမူ သူ၏အပြောနှင့် လက်တွေ့မှာ ပြဒါးတလမ်း သံတလမ်းဖြစ်နေသည်ကို ရှင်းရှင်းလင်းလင်းတွေ့နိုင်သည်။

ဒီမိုကရေစီထွန်းကားသည့်နိုင်ငံများ၌ အစိုးရများသည် ဥပဒေ၏နည်းလမ်းအတိုင်း ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးကြသည်၊ ထို့နောက် ၎င်းတို့ကိုယ်တိုင် ဥပဒေ၏ကန့်သတ်မှုဘောင်အတွင်း၌နေထိုင်လုပ်ကိုင်ကြသည်။

ဥပဒေဆိုသည်မှာ ပြည်သူများ၏ဆန္ဒကို ထင်ဟပ်ရမည်၊ ဖော်ဆောင်ရမည်ဖြစ်သည်၊ ဘုရင်များ၊ သမတများ၊ အာဏာရှင်များ၊ စစ်တပ်အရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကိုယ်တိုင်ခန့်အပ်ပြီးခေါင်းဆောင်လုပ်နေသည့် နိုင်ငံရေးသမားများ၏ ဆန္ဒမဖြစ်စေရဆိုသည်ကို ကောင်းကောင်းနားလည် သဘောပေါက်ထားရမည်။

ဒီမိုကရေစီထွန်းကားသည့်လူ့အဖွဲ့အစည်း၌ ပြည်သူပြည်သားများ သည် ၎င်းတို့လူ့အဖွဲ့အစည်း၏ဥပဒေများကို စိတ်ရော ကိုယ်ပါ လိုလိုလားလား နှင့် လိုက်နာကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေများဆိုသည်က ၎င်းတို့ ကိုယ်တိုင်ရေးဆွဲသည်ဖြစ်ဖြစ် ၎င်းတို့၏ကိုယ်စားလှယ်များက ရေးဆွဲသည်ဖြစ်ဖြစ် ထိုသို့ဆောင်ရွက်ထားသည့်အတွက် ၎င်းတို့၏စိတ်ဆန္ဒများကို ဖော်ကျူးထားသည်ဖြစ်၍ ကိုယ်တိုင်လိုက်နာသည်။ ထို့ကြောင့် ကိုယ်ကိုယ်တိုင်ရေးဆွဲပြီး ကိုယ်တိုင်လိုက်နာသည့်အခါ တရားစီရင်ရေးဆိုသည်မှာ အကောင်းဆုံးအဆင့်ကို ရောက်ပြီဟု ပြော၍ရနိုင်သည်၊ သို့ဆိုလျှင် လူ့အဖွဲ့အစည်းအတွင်း၌ ပြဿနာများ ဖြစ်သည့်အခါ ဥပဒေနည်းလမ်းနဲ့အညီ ဖြေရှင်း၍ရပြီဟုပြောနိုင်သည်။

တရားဥပဒေစိုးမိုးမှုအောက်၌ တောင့်တင်းခိုင်မာ၍ သီးခြားလွတ် လပ်သည့်တရားစီရင်ရေးစနစ်ရှိသည်၊ တရားရုံး၌အာဏာနှင့်လုပ်ပိုင်ခွင့်များ၊ တရားရုံးနှင့်ပတ်သက်သည့်၊ တရားစီရင်ရေးနှင့်ပတ်သက်သည့်လိုအပ်သော အရင်းအမြစ်တွေလည်း ပြည့်ပြည့်ဝဝရှိလိမ့်မည်။ ဒါကြောင့်လည်း တရားသူကြီးများသည် စနစ်တကျနှင့် လေ့ကျင့်သင်ကြားမှုများရှိရန်လိုအပ်သည်၊ ကျွမ်းကျင်ရမည်၊ သီးခြားလွတ်လပ်စွာနှင့် အကောင်အထည်ဖော်ရဲရမည်။ မျှတမှုရှိရမည်။ တဖန် ထိုတရားသူကြီးများသည် ဥပဒေစနစ်၊ နိုင်ငံရေးစနစ်များကို အကောင်အထည် ဖော်သည့်နေရာ၌ ကောင်းစွာပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်၊ ထို့ကြောင့် တရားသူကြီးများသည် ဒီမိုကရေစီ၏ အခြေခံစည်းမျဉ်းစည်းကမ်းများကိုလိုက်နာ နိုင်ရေးအတွက် ကိုယ့်ကိုယ်ကို ပြင်ဆင်နိုင်ရန်လိုအပ်သည်။

ဒီမိုကရေစီထွန်းကားသည့်လူ့ဘောင်၌ ဥပဒေတရပ်ပေါ်လာရန်အရင်း အမြစ်အများကြီးရှိသည်။ အခိုင်အမာရေးဆွဲထားသည့် အခြေခံဥပဒေရှိသည်၊ ၎င်းနှင့်ဆက်စပ်နေသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘာသာရေးနှင့် ကျင့်ဝတ်ဆိုင်ရာအဆုံးအမများ၊ ယဉ်ကျေးမှုအစဉ်အလာနှင့်လက်တွေ့ ကျင့်သုံးမှုများ စသည်တို့သည် ဥပဒေများအတွက် အရင်းအမြစ်များဖြစ်သည်။ ဤသို့ ဥပဒေများပေါ်ထွန်းလာခြင်း၏ မူလအရင်းအမြစ်သည် မည်သို့သောအကြောင်း နောက်ခံရှိစေကာမူ ဥပဒေများသည် ပြည်သူပြည်သားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးရမည်။

ထို့ကြောင့်

၁။ ဥပဒေအောက်တွင် အညီအမျှကာကွယ်စောင့်ရှောက်မှုရှိရန်၊ ဥပဒေဆိုသည်မှာ တဦး တယောက် တဖွဲ့အတွက် အသုံးချသည့်ဥပဒေမျိုးမဖြစ်စေရ။

၂။ ပြည်သူပြည်သားများသည် မတရားဖမ်းဆီးခံရတာမျိုးမရှိစေရန်၊ ၎င်းတို့၏နေအိမ်၊ ၎င်းတို့၏ပိုင်ဆိုင်မှုများကို အကြောင်းအကျိုး မဆီလျော်ပဲနှင့် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းမှ ကင်းဝေးစေရမည်။

၃။ အကယ်၍ ပြည်သူများကို စွဲချက်တင်သည့်အခါ ပုဒ်မအမြန်ဆုံးတပ်ကာ စွဲချက်တင်ပြီး လူသိရှင်ကြား တရားစီရင်ရမည်။ ထိုသို့ တရားရုံးတင် စွပ်စွဲခံရသည့်အခါ စွပ်စွဲခံရသည့်သူသည် ၎င်းအား စွပ်စွဲထားသူများကို ပြန်လှန်မေးခွန်းများ မေးပိုင်ခွင့်၊ ချေပပိုင်ခွင့် ငြင်းချက်ထုတ်ပိုင်ခွင့်များပေးရမည်။ အကယ်၍ ပြစ်မှုထင်ရှားလျှင် ၎င်းတို့အား ရက်စက်ကြမ်းကြုတ်သည့်၊ ပုံမှန်မဟုတ်သည့် ပြစ်ဒဏ်ချမှတ်ခြင်းမလုပ်ရပေ။

၄။ ပြည်သူပြည်သားများသည် အတင်းအကျပ်စစ်ဆေးခံရခြင်းမှ ကင်းလွတ်ရမည်။ သို့မှသာ ပြည်သူများအား အနိုင်ကျင့်ခြိမ်းခြောက်မှု၊ နိုင်လိုမင်းထက်လုပ်မှု၊ ညှဉ်းပမ်းနှိပ်စက်မှုများလုပ်ခြင်းကို ထိုဥပဒေများက အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

ထိုအချက်လေးချက်အား မြန်မာပြည်၏လက်ရှိအခြေအနေများနှင့်

**စာမျက်နှာ ၁၅ သို့**

**ဖေဖော်ဝါရီ ၁၁။Maldive ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရန် ဖြစ်နိုင်သောနည်းများဖြင့် ကြိုးပမ်းရန် ကုလအထူးသံ ဂမ်ဘာရီအား မော်လဒိုက်နိုင်ငံ သမတ Mohamed Nasheed မှ စာရေးတိုက်တွန်း၏။

**ဖေဖော်ဝါရီ ၁၂။AP။ ။** ပြည်ထောင်စုနေ့တွင် အဲန်အဲလ်ဒီသည် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး နိုင်ငံလုံးကျွတ်လက်မှတ်ရေးထိုးတောင်းဆိုပွဲကျင်းပ၏။

**ဖေဖော်ဝါရီ ၁၂။BKK-UPI ။ ။** မိမိအစိုးရအာဏာပိုင်အချို့မှ ရိုဟင်ဂျာဒုက္ခသည်များအား ပင်လယ်ပြင်သို့အတင်းပြန်လွှတ်ခဲ့ဖွယ်ရှိကြောင်း ထိုင်းဝန်ကြီးချုပ်မှဆို၏။

**ဖေဖော်ဝါရီ ၁၂။Irish Sun။ ။** သမတအိုဘားမားသည် ဂျော့ဘုရှ်၏ နမူနာကိုယူကာ မြန်မာဒီမိုကရေစီရေးကို ကြိုးပမ်းသင့်ကြောင်း။

**ဖေဖော်ဝါရီ ၁၃။XNA။ ။** နအဖသည် နေပြည်တော်၌ အသစ်ဆောက်လုပ်ထားသည့် ၁၂ ကေကျယ်ခြံတွင်းမှ ရတနာပြတိုက်သစ်ကို ဖွင့်လှစ်လိုက်ကြောင်း။

**ဖေဖော်ဝါရီ ၁၃။AFP။ ။** နအဖသည် အဲန်အဲလ်ဒီ ဦးတင်ဦး(၈၂)အား ဒီပဲရင်းလုပ်ကြံမှုအပြီး အကျဉ်းချုပ်ဖမ်းထားခြင်းကို သက်တမ်းတနှစ် ထပ်တိုးလိုက်ကြောင်း။

**ဖေဖော်ဝါရီ ၁၄။AFP။ ။** သီးသန့်လွတ်လပ်သော ကုလလူ့အခွင့်အရေးကျွမ်းကျင်သူ Tomas Quintana သည် မြန်မာလူ့အခွင့်အရေးအခြေအနေလက်တွေ့စူးစမ်းရန် မြန်မာသို့ရောက်၏။

**ဖေဖော်ဝါရီ ၁၄။AFP။ ။** ကေအင်ယူတိုက်ခိုက်မှုကြောင့် ကျည်များ မြဝတီနှင့် ဂုမိုင်ကွာအထိကျရောက်ကြောင်း နအဖသတင်းစာများမှဆို၏။

**ဖေဖော်ဝါရီ ၁၄။RGN-AP။ ။** အဲန်အဲလ်ဒီသည် စစ်ဖိနပ်အောက်မြန်မာတွင် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို အရေးယူရန် ကုလလူ့အခွင့်အရေးစုံစမ်းရေးအရာရှိလာချိန် အချိန်ကိုက်တောင်းဆို၏။

**ဖေဖော်ဝါရီ ၁၅။Rtrs။ ။** မြန်မာရောက် သီးသန့်လွတ်လပ်သော ကုလလူ့အခွင့်အရေးကျွမ်းကျင်သူ Tomas Quintana သည် ကရင်တိုင်းရင်းအဖွဲ့ များနှင့်တွေ့ ဆုံခဲ့၏။ နအဖပြည်တွင်းသတင်းများသည် ထိုပုဂ္ဂိုလ်မြန်မာသို့ရောက်ရှိနေမှုကို ဖေါ်ပြမှုမရှိ (ထိန်ချန်)ထားကြောင်း။

**ဖေဖော်ဝါရီ ၁၆။Asia Pacific News ။ ။** ကုလလူ့အခွင့်အရေးစုံစမ်းရေးအရာရှိ Tomas Quintana သည် ဘားအံထောင်တွင် နိုင်ငံရေးအကျဉ်းကျနေသူ အင်တာနက် ဘလော်ဂါ နေဘုန်းမြင့် နှင့် တွေ့ဆုံခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁၆။Mizzima။ ။** ကုလ လူ့အခွင့်အရေးပါရဂူ Quintana သည် အင်းစိန်ထောင်တွင် ၄ နာရီခန့်ကြာ နိုင်ငံရေးအကျဉ်းသားအချို့နှင့်တွေ့ ဆုံခွင့်ရခဲ့ကြောင်း၊

**ဖေဖော်ဝါရီ ၁၆။Mizzima။ ။** ယနေ့မြောက်ကိုရီးယားအာဏာရှင် Kim Jong Il ၆၇ နှစ်မြောက်မွေးနေ့တွင် ဗိုလ်ချုပ်သန်းရွှေမှ မွေးနေ့သဝဏ်ပို့ခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁၆။Mizzima။ ။** မြန်မာတွင် လူ့အခွင့်အရေးအခြေအနေသုံးသပ်ရန်ရောက်ရှိနေသော ကုလလူ့အခွင့်အရေးသံ Quintana သည် ခရီးစဉ်အတွင်း အဲန်အဲလ်ဒီ ထိပ်သီးများနှင့်တွေ့ နိုင်ရန် မျှော်လင့် ကြိုးပမ်းနေကြောင်း။

**ဖေဖော်ဝါရီ ၁၆။Irrawaddy။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့်မတွေ့ဘဲ ရန်ကုန်သို့ရောက်မဆိုက် ဒီကေဘီအေထံသို့ ရဟတ်ယာဉ်ဖြင့်သွားခဲ့သော ကင်တာနား၏ခရီးစဉ်ကို နားမလည် တုန်လှုပ်မိကြောင်း Alternate Asean မှ Debbie Stothard မှဆို၏။

**ဖေဖော်ဝါရီ ၁၆။Irrawaddy။ ။** ဇာဂနာ၏ ထောင်ဒဏ်ကို ၅၉ နှစ်မှ ၃၅ နှစ်အထိ အယူခံမှုတွင် လျှော့ချခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁၆။Irrawaddy။ ။** နအဖ၏ ဖေါက်ဖျက်မှုများသည် လူ့အခွင့်အရေးဖေါက်ဖျက်မှုသာမက လူသားထုအပေါ်ရာဇဝတ်မှုဖြစ်ကြောင်း အေအေပီပီမှ ဘိုကြည်မှဆို၏

**ဖေဖော်ဝါရီ ၁၆။Irrawaddy။ ။** ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နအဖလက်ကိုင်တုတ်ကြံ့ဖွံ့အသင်း USDA မှ မိမိတို့အားမဲဆွယ်နေကြောင်း အမည် မဖေါ်လိုသူ လုပ်ငန်းရှင်အချို့မှ ရောဝတီသို့ပြောဆို၏။

**ဖေဖော်ဝါရီ ၁၇။KL။ ။** မလေးရှားရှိ မြန်မာလုပ်သား အခွင့်အရေးရုံးသို့မကြေနပ်သူအလုပ်ရှင်၏ လူ ၂၀ ခန့် ဝင်ရောက်ရိုက်နှက်၍ ဝန်ထမ်း မြန်မာနှစ်ဦးဒဏ်ရာရကြောင်း။

**ဖေဖော်ဝါရီ ၁၇။TNA။ ။** နအဖ ဗိုလ်ချုပ်သန်းရွှေနှင့် ရိုဟင်ဂျာပြသနာဆွေးနွေးရန် ထိုင်းကြည်းတပ်မတော်ထိပ်သီး Anupong Paojinda သည် မြန်မာသို့ရောက်ရှိ၏။

**ဖေဖော်ဝါရီ ၁၈။DVB။ ။** ချွင်းချက်မထားဆွေးနွေးပွဲကျင်းပရန် အဲန်အဲလ်ဒီမှ နအဖအား တိုက်တွန်း၏။ ကုလမှလည်း၂ ဘက်စလုံးအား အလားတူတိုက်တွန်းထား၏။

**ဖေဖော်ဝါရီ ၁၈။ Irrawaddy။ ။** ဂြိုဟ်တုတီဗွီများသည် စင်စစ်အားဖြင့် အမျိုးသားရေးဖြိုခွဲသောအန္တရာယ်ဖြစ်၍ လူထုမှ ရှောင်ရှားရန် နအဖသတင်းစာများမှ ရေးသား၏။

**ဖေဖော်ဝါရီ ၁၉။The Plank။ ။** အမေရိကန်သည် မြန်မာအပေါ် အခြေခံမူသဘောမပြောင်းလဲသော်လည်း ကျင့်သုံးမှုအနည်းငယ်ပြောင်းလဲဖွယ်ရှိကြောင်း နိုင်ငံခြားရေးတာဝန်ခံ ဟီလာရီကလင်တန်မှ အရိပ်အမြွက်ပြကြောင်း။

**ဖေဖော်ဝါရီ ၁၉။XNA။ ။** ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့အားဆက်သွယ်မည့် မိုင် ၃၀၀ ရှိရထားလမ်းဆောက်မည်ဟု ရန်ကုန်တိုင်းမ်စ်သတင်းဂျာနယ်မှဆိုကြောင်း။

**ဖေဖော်ဝါရီ ၁၉။Irrawaddy။ ။** နအဖသူသျှိုများသည် တိုင်းရင်းသူပုန်နှင့် ပြည်ပရောက်အဖွဲ့များအတွင်း ထိုးဖေါက်ရောက်ရှိနေကြောင်း စာ ၄၂ မျက်နှာရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ထုတ်ပြန်ချက်ကို ကိုးကားသိရှိရကြောင်း။

**ဖေဖော်ဝါရီ ၁၉။UN။။** အဖွဲ့ ဝင် ၁၅ နိုင်ငံပါ ကုလလုံခြုံရေးကောင်စီသည် အမေရိကန်သမတသစ်တက်ပြီး ဖေဖေါ်ဝါရီ ၂၀ တွင် မြန်မာအရေး ပထမဆုံးအကြိမ်ဆွေးနွေးမည်။

**ဖေဖော်ဝါရီ ၁၉။RGN-News Agencies ။ ။**မြန်မာ၏ ဆိုးရွားလှသော လူ့အခွင့်အရေးအခြေအနေတွင် တိုးတက်မှုမရှိသလောက်ဖြစ်ကြောင်း မြန်မာတွင် နိုင်ငံရေး အကျဉ်းကျ ၅ ဦးနှင့်တွေ့ဆုံခွင့်ရခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ ခွင့်မရခဲ့သူ သီးသန့်ကုလလူ့ အခွင့်အရေးပါရဂူ Thomas Quintana မှဆို၏။

**ဖေဖော်ဝါရီ ၁၉ ။ABC။ ။** မြန်မာသည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုးတက်မှုနှေးကြောင်းနှင့် ကမ္ဘာ၏ပိတ်ပင်မှုများသည် မထိရောက်ကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးမှဆို၏။

**စာမျက်နှာ ၁၂ သို့**

# မင်းသုဝဏ်နှစ်တရာပြည့်

**မောင်ပုည (ဩစတြေးလျား)**

## (ဆရာမင်းသုဝဏ်၏ ကလေးကဗျာအစ “သပြေညို” ကဗျာများနှင့် “ပျဉ်းမငုတ်တို” ကဗျာများ)

## (၃)

ကဗျာဆရာ၏အတွေးအခေါ်များသည် ရွှေ့လျားနေသည်နှင့် သူရေးသားသောကဗျာများသည်လကဗျာဆရာကြီးမင်းသုဝဏ် ရာပြည့်BBC ၊ ဖေဖော်ဝါရီ ၁၀ ။ ။ ဆရာကြီးမင်းသုဝဏ်ကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ကွမ်းခြံကုန်းမြို့နယ်မှာ မွေးဖွားခဲ့ပါတယ်။

ဆရာကြီးမင်းသုဝဏ်ကို ခေတ်စမ်းစာပေရဲ့ဒေါက်တိုင်ကြီးတွေထဲက တယောက်အဖြစ်နဲ့ရော မြန်မာကလေးကဗျာတွေကိုမွေးဖွားပေးခဲ့တဲ့ဖခင်ကြီး အဖြစ်ပါ ပြည်သူအများကသိရှိကြပါတယ်။

ဆရာ့ရဲ့ လူသိနည်းတဲ့ ထူးကဲတဲ့ဂုဏ်ဒြပ်တခုကတော့ စာပေပညာရှင် တယောက်ဖြစ်တယ်ဆိုတဲ့အကြောင်းပါ။ ဆရာဟာ အောက်စဖို့ဒ်တက္ကသိုလ် မှာ ဘာသာဗေဒနဲ့ စာပေပညာဘာသာရပ်တွေကိုလေ့လာခဲ့ပြီး အဘိဓါန်ပညာ ကိုလေ့လာခဲ့သူလည်းဖြစ်ပါတယ်။

ဆရာဟာ ရာထူးဂုဏ်သိန် စည်းစိမ်နောက်ကိုမလိုက်ဘဲ တိုင်းပြည် အတွက်အကျိုးရှိမယ့် အဘိဓါန်ပြုစုရေးမှာ အချိန်တော်တော်ကြာ ဇောက်ချလုပ် ကိုင်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာပါဝင်ခဲ့ပြီး ၁၉၉၀ ခုရွေးကောက်ပွဲပြီးတော့ ဆရာကြီးမင်းသုဝဏ်ဟာ ကမာရွတ်မြို့နယ် လွှတ်တော်အမတ်ဖြစ်လာပါတယ်။

နောက်ပိုင်းမှာ မြန်မာစစ်အစိုးရက ဆရာကြီးရဲ့စာတွေကို စာနယ်ဇင်း တွေမှာဖော်ပြခွင့် ပိတ်ပင်ခဲ့ပါတယ်။ ဆရာကြီးကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှသာ ဆရာကြီးရဲ့စာတွေ ကဗျာတွေကို တဖြည်းဖြည်းပြန်ပြီးဖော်ပြခွင့်ပေးခဲ့တာဖြစ် ပါတယ်။ ဆရာကြီးမင်းသုဝဏ်ဟာ မြန်မာ့စာပေသမိုင်းမှာ ရှားရှားပါးပါး အမျိုးသားစာဆိုကြီးတယောက်ဖြစ်ပါတယ်။ည်း ရွှေ့လျားနေသည်သာဖြစ်သည်။ ပထမတွင် ဆရာမင်းသုဝဏ်သည် ကလေးကဗျာနှင့် အချစ်ကဗျာ၊ တောတောင်ရေမြေ အဖွဲ့ကဗျာများကိုရေးဖွဲ့ရာမှ လွတ်လပ်ရေးကဗျာနှင့် ဖက်ဆစ်တော်လှန်ရေး ကဗျာကိုရေးဖွဲ့လာသည်။ ထိုမှ ပြည်တွင်းစစ်ကာလတွင် တောသူတောင်သား ဆင်းရဲသားများ “ဓါးစာခံ” ဖြစ်ရပုံကို “ဖိုးမောင်လာပြီ” ကဗျာကို ရေးဖွဲ့ပြန် လေသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ဖိုးမောင်ကဗျာကို မကြာမီကကွယ်လွန် သွားသော ရုပ်ရှင်ဒါရိုက်တာတဦးက “ကျေးလက်ဒဏ္ဍာရီ” အမည်ဖြင့် ရုပ်ရှင် ပြန်ရိုက်သော်လည်း ဆရာမင်းသုဝဏ်၏အမည်ကိုကား ဖော်ပြခြင်းမပြုပေ။

### ဖိုးမောင်လာပြီ

မိုးညိုညည့်ရိပ်၊ လူခြေတိတ်၍
ရေဆိပ်အနား၊ ရွာတံခါးမှ
ဂုပ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်
“ဖိုးမောင်လာပြီ” ဆိုကြသည် ။
ဟောင်သံရပ်၍
ထက်ကြပ်ပေါ်လာ၊ အသံမှာကား
“ညခါငါးထောင်၊ မောင်ဖိုးမောင်သည်
ရွာတောင်ချောင်းကပြန်ခဲ့ပြီ” ။
ဖိုးမောင့်သံကြား ကင်းသမားက
တံခါးကြီးအောက်၊ မလွယ်ပေါက်ကို
တယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်
ယာတွင်အုပ်ဆောင်း၊ ဝဲတက်ချောင်းနှင့်
ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို
လွယ်သိုင်းပြီးလျှင်၊ ရွာကိုဝင်သည်
လူပင်လေလား၊ တစ္ဆေလား ။
တစ္ဆေမကြောက်၊ မြွေမကြောက်ဘဲ
တယောက်တည်းပင်၊ ညဉ့်မှောင်တွင်း၌
သူလျှင်ငါးရှာ၊ မကျွေးပါက
ထိုရွာသူသား၊ လူအများတို့
ငါးစိုငါးစိမ်း ငတ်ပေလိမ့် ။
ဆောင်းတညဉ့်
ချမ်းမြစိမ့်အေး၊ လခြမ်းကွေး၍
ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ
ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်
ရွာပေါ်လွှမ်းအောင်၊ ဂုပ်ကျားဟောင်သည်
ဖိုးမောင် လာချိန်ပါတကား ။
သို့ဖြစ်သော်ငြား၊ ခါတပါးသို့
တံခါးဝင်လို၊ သူမဆိုဘဲ
“မောင်းကိုထုပါ၊ လူစုပါဟေ့ ။
ရွာကိုဘေးမှ၊ ကာကွယ်ကြလော့ ။
ဓါးပြငါ့အား၊ ဖမ်း၍ထား” ဟု
စကားမဆုံး၊ ဟာစ်အော်တုန်းတွင်
ဒိုင်းဒုန်းဒိန်းသံ၊ ရွာလုံးညံသည်
ချောင်းယံပဲ့တင်ထပ်သတည်း ။
ဖိုမောင့်နိဂုံး၊ ဤတွင်ဆုံးလည်း
ရွာလုံးစိတ်တွင်၊ ဖိုးမောင်ဝင်၍
ပဲ့တင်ထပ်ကာ၊ ဟည်းလျက်ပါတည့် ။
ဘယ်ခါမဆို၊ ဆီးလင့်ကြိုသို့
မှိုင်းညိုညဉ့်ရိပ်၊ လူခြေတိတ်၌
ရေဆိပ်အနား၊ ရွာတံခါးမှ
ဂုပ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်
“ဖိုးမောင်လာပြီ” ဆိုဆဲပင် ။ ။

မြဝတီမဂ္ဂဇင်း။
ဂျန်နဝါရီ၊ ၁၉၆၃

## (၄)

ကဗျာဆရာသည် ရွာက “ဖိုးမောင်” အကြောင်းရေးပြီးနောက် အဖြူ ကအဖြူကိုသတ်၍၊ အမည်းကအမည်းကိုသတ်သည့်လူသတ်ပွဲနှင့် စစ်ပွဲ အကြောင်းကိုရေးသားပြန်လေသည်။ ဆရာကြီးမင်းသုဝဏ်ကွယ်လွန်သွားသည် မှာ မကြာလှသေးပါ။ အမေရိကန်မှာလည်း နှစ်ဆောင်ပြိုင်မျှော်စင်ကြီးကို လေယာဉ်ဖြင့်ဖြိုခွဲတိုက်ခိုက်ခဲ့၏။ အရှေ့အလယ်ပိုင်းဖြစ်သော အီရတ်၊ အစ္စရေး၊ လက်ဘန္နန်၊ တူရကီနှင့် အာဖရိကတွင် ဆူဒန်အပါအဝင် အာရှ၌ အာဖဂန်နစ္စတန်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့အပါအဝင် တိုက်ကြ ခိုက်ကြ သတ်ဖြတ်နေကြသည် မှာ ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့သကဲ့သို့ပင် “လက်နက်စား၍ လူစားဖို့ရာ၊ မကျန်ပါပြီ” ဖြစ်၍နေလေသည်။

**တဘက်သို့**

တဘက်မှ

## လုပ်တိုင်းသို့

သူ့ကိုငါသတ်၊ ငါ့သူသတ်နှင့်
သူသတ်သည့်ပွဲ၊ လူသတ်ပွဲကို
ဆင်နွှဲ၍သာ၊ ဤကမ္ဘာသည်
ဘယ်ခါ ငြိမ်းချမ်းပါမည်နည်း ။
ဖြူ နီ နက် မည်း၊ သားရောင်ခွဲ၍
တိုက်ပွဲဝင်လျက်ရှိကြသည် ။
ဖြူနှင့်ဖြူချင်း၊ စစ်မက်ခင်း၍
ခုံငြင်းတိုက်ခိုက်နေကြသည် ။
မည်းနှင့်မည်းချင်း၊ စစ်မက်ခင်း၍
ခုံငြင်းတိုက်ခိုက်နေကြသည် ။
ဘာသာဝါဒ၊ အကြောင်းပြကာ
သတ်ကြ ဖြတ်ကြ လုပ်ကြလျက် ။
ဝါဒတူချင်း၊ စစ်မက်ခင်း၍
ခုံငြင်းတိုက်ခိုက်နေကြလျက် ။
တနေ့တခြား၊ လက်နက်စား၍
လူစားဖို့ရာ၊ မကျန်ပါပြီ
ဝေါကာ နံရိုးအပြိုင်းပြိုင်း
ပြေးရလွှားရ
သို့
သချိုင်း ။
ချီရတက်ရ
သို့
လုပ်တိုင်း ။
ခွေးအ ခွေးရိုင်း၊ ပတ်ချာဝိုင်း
ကျိုးငှက် လင်းတ မျှော်လင့်ဆိုင်း ။ ။

ပေဖူးလွှာ
ဋ္ဌန်၊ ၁၉၈၇ ။

## (၅)

ကဗျာဆရာနှင့်စာရေးဆရာများသည် မိမိ၏သက်မွေးဝမ်းကျောင်းမှုအရ၊ များစွာပင်အကုသိုလ်နည်းပါးကြသူများဖြစ်ကြပေသည်။ ဤကဗျာဆရာစာရေးဆရာများထဲတွင် ဆရာမင်းသုဝဏ်သည် အပြစ်ကင်းမှု ပို၍နည်းပါးဆုံးသောပုဂ္ဂိုလ်ပင်ဖြစ်သည်။ သို့ရာတွင် ၁၉၈၈ ခုနှစ်၌ စစ်တပ်ကအာဏာသိမ်းသောအခါ ဆရာမင်းသုဝဏ်သည် မိမိ၏နိုင်ငံရေးယုံကြည်မှုအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်လာသည်။ ထိုအချိန်မှစ၍ ဆရာမင်းသုဝဏ်သည် အဘက်ဘက်မှ ရစရာမရှိအောင်ပင် တိုက်ခိုက်ခံရတော့သည်။

ယင်းသို့တိုက်ခိုက်သူမှာ အခြားသူမဟုတ်ဘဲ "စစ်ဗိုလ်ကဗျာဆရာ" ပင်ဖြစ်သည်။ စစ်ဗိုလ်ကဗျာဆရာသည် ဆရာမင်းသုဝဏ်အားတိုက်ခိုက်စဉ်က အာဏာနှင့်ပတ်သက်၍ ရှုးသွပ်နေသူဖြစ်လေသည်။ သူရေးသားသောကဗျာများအနက် တခုတလေမျှပင် စွဲမက်စရာမရှိသည့်အပြင် အာဏာကိုအကြောင်းပြု၍ ထိုစဉ်ကကွယ်လွန်သူ ဆရာကြီးဦးဘသန်း၏ "မြန်မာရာဇဝင်" စာအုပ်၊ ဆရာဦးညိုမြ၏ "ကုန်းဘောင်ရှာပုံတော်" စာအုပ်နှင့် ဆရာကြီးဦးကျော်ဒွန်း ၏ "မြန်မာစာညွှန့်ပေါင်းကျမ်း" များတွင်ပါ သူ၏အသုံးမကျသောကလောင် ဖြင့် အမှာစာများကို သူလိုက်ရေးနေခြင်းဖြစ်ပေသည်။

သူသည် မကြာမီက မျက်ရည်မျက်ခွက်ဖြင့်ဆဲဆိုရင်း ရာထူးမှပြုတ်သွား၏။ သူ၏တိုက်ခိုက်မှုအပါအဝင် ဆရာမင်းသုဝဏ်မှာ များစွာပင်သည်းခံခဲ့ရရှာ၏။

## ကြင်နာမှု

ငါ့မျက်ရည်
ဆဲသည်ကိုလည်း သူမှုခဲ ။
ငါ့မျက်ရည်
ဆိုသည်ကိုလည်း သူမှုခဲ ။
ငါ့မျက်ရည်
နင်းသည်ကိုလည်း သူမှုခဲ ။
ငါ့မျက်ရည်
နှိမ်သည်ကိုလည်း သူမှုခဲ ။
ခုတခါမူ
ငဲ့ညှာထောက်ရှု၊ ကြင်နာမှုကြောင့်
ဥက္ကာ လည်ကာ၊ ဝိုင်းကာလာသည်
ငါ့မှာ အံကြိတ်ထားရ၏ ။ ။

ငွေတာရီမဂ္ဂဇင်း
ဩဂုတ်၊ ၁၉၇၂ ။

## (၆)

ဆရာမင်းသုဝဏ်သည် ကဗျာဆရာကြီးတဦးဖြစ်သည့်အပြင်"အောက်စဖို့ဒ်တက္ကသိုလ်" အထိ ပညာသင်ယူခဲ့ပြီး ပညာရေးလောက၏ဝန်ထမ်းတဦးလည်းဖြစ်ပေသည်။ စွယ်စုံကျမ်းပြုစုရေးနှင့် မြန်မာအဘိဓါန်လုပ်ငန်းကျမ်းပြုစုရေးလုပ်ငန်းတို့တွင်ပါဝင်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ "အိုဆာကာတက္ကသိုလ်" တွင် ဧည့်ပါမောက္ခအဖြစ်ဖြင့် သက်ကြီးပိုင်း၌ မြန်မာစာသွားရောက်သင်ကြားပို့ချခဲ့သည်။ ဆရာမင်းသုဝဏ်သည် ဧည့်ပါမောက္ခအဖြစ် ဂျပန်နိုင်ငံတွင်ရှိစဉ် "ဟိုက်ကူ" ဂျပန်ကဗျာကို လေ့လာနည်းယူခဲ့ပြီးနောက် မြန်မာနိုင်ငံပြန်အရောက်တွင် "ဟိုက်ကူကဗျာ" ကို ပြန်လည်ရေးဖွဲ့ပြလေသည်။

ဆရာကြီးမင်းသုဝဏ်သည် ဟာသ်ာတခရိုင်၊ ကွမ်းခြံကုန်းဇာတိလည်းဖြစ်သည်။ ဆရာမင်းသုဝဏ်ကွယ်လွန်ပြီးနောက် ၂၀၀၈ ခုနှစ် မေလတွင်ကျရောက်သော နာဂစ်မုန်တိုင်းသည် "ကွမ်းခြံ" ကုန်းကိုပါ ချေမှုန်းပစ်လေရာ ဆရာကြီးမင်းသုဝဏ်၏အိမ်မြေယာမြေဟောင်းများကိုပါ ဖြိုဖျက်ပစ်လေသည်။

ဝမ်းနည်းစရာကောင်းလှပါသည်။ ဆရာဇော်ဂျီ နှစ်တရာပြည့်တွင် အခက်အခဲများထဲက ဖျာပုံတွင် ကျောက်တိုင်လေးတခုထူနိုင်သေး၏။ NLD အမတ်ဖြစ်ဘူးသော ဆရာကြီးမင်းသုဝဏ် (ဦးဝန်) အတွက်ကား ဤ၍ဤမျှ အမုန်းကြီးမားသောစစ်အစိုးရလက်ထက်တွင် နှစ်တရာကျင်းပရန် လွယ်မည်ကားမဟုတ်ပါ။

---

**မျက်နှာဖုံးမှ**

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယခုတင်ပြတောင်းဆိုထားသည့် အချက် ၄ ချက်အနက် ဦးစားပေးချင်ဆုံးအချက်ကို သိလိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။ သို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ရေးကို နံပတ်တစ်ဦးစားပေးပြောကြားခဲ့ပါသည်။

ဖော်ပြပါဖြစ်စဉ်များကို ထောက်ကြည့်လျှင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား အဓိပ္ပာယ်လေးနက်သည့် တွေ့ဆုံဆွေးနွေးပွဲအတွက်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုတင်စည်းကမ်းသတ်မှတ်ချက်ထားခြင်းမရှိသည်မှာ ထင်ရှားပါသည်။ ဘန်ကီမွန်း မြန်မာနိုင်ငံသို့ မကြာမီလာရောက်မယ်လို့မျှော်လင့်ကြောင်း အဲဒီခရီးစဉ်ကို ကြိုဆိုကြောင်း အဖွဲ့ချုပ်ကြေညာချက်မှာ ဖော်ပြပါ တယ်။

**မျက်နှာဖုံးမှ**

လွှတ်တော်အမတ်တွေကလည်း စိုးရိမ်နေကြပါတယ်၊ မီဒီယာ သတင်းလောကနေလည်း မြန်မာ့အရေးကိုစိုးရိမ်မကင်းဖြစ်နေရတာတွေကို ထုတ် ဖော်ရေးသားနေတာတွေ့ရပါတယ်၊ အသိပညာရှင်တွေ အစိုးရမဟုတ်တဲ့ NGO အဖွဲ့တွေကလည်း အသံတွေကြားနေရတာပါ။ အခုအာဆီယံဟာ ခေတ်သစ်တခုကိုပြန်လည်ဆန်းသစ်နေပြီဆိုတော့ အရှိန်အဟုန်မြှင့်ပြီး အာဆီယံအသင်းသူ အသင်းသားတွေကြားထဲမှာ စိုးရိမ်မကင်းဖြစ်ရတာတွေကို ပွင့်ပွင့်လင်းလင်းဝေဖန်နိုင်ကြတော့မှာဖြစ်ပါတယ်”

အသင်းဝင် ၁၀ နိုင်ငံကလက်မှတ်ရေးထိုးထားတဲ့ အာဆီယံပဋိညာဉ်စာတမ်းပါ အာဆီယံပြည်သူတွေရဲ့အခွင့်အရေးတွေကို အားလုံးလေ့လာဘို့လိုပြီး အားလုံး တန်းတူအသုံးချပိုင်ခွင့်ရှိတာမို့လို့ အရင်တုန်းကလို အာဆီယံဟာ သံတမန်တွေနဲ့ နိုင်ငံခေါင်းဆောင်တွေကိုပဲကိုယ်စားပြုတဲ့အသင်းမဟုတ်တော့ဘဲ ပြည်သူတွေကိုအခြေခံတဲ့ ပြည်သူတွေအတွက်အာဆီယံအသင်းကြီးဖြစ်ပါတယ်လို့လည်း ပြောဆိုသွားပါတယ်။ ဒါကြောင့် မြန်မာ့အရေးကိုစိုးရိမ်စိတ်နဲ့တင်ပြလာကြတယ်ဆိုရင် ပဋိညာဉ်စာတမ်းနဲ့အညီ ကိုင်တွယ်သွားမှာဖြစ်တယ်လို့ ဒေါက်တာဆူရင်းပစ်ဆူဝမ်က ပြောဆိုသွားပါတယ်။

“ဘာပြဿနာပဲဖြစ်ဖြစ်၊ ဘာကိစ္စပဲဖြစ်ဖြစ်၊ အာဆီယံရဲ့ပဋိညာဉ်နဲ့အညီ ကိုင်တွယ်သွားမယ်၊ ဘယ်ပြဿနာပဲဖြစ်ဖြစ် ပဋိညာဉ်နဲ့ကိုင်တွယ်ခြင်းဖြင့် တရားဝင်မှုရှိမှာပါ။ အာဆီယံဝန်ကြီးတွေ အာဆီယံခေါင်းဆောင်တွေအနေနဲ့ ဒီပဋိညာဉ်ကိုကိုင်ပြီး ကိုယ့်ရဲ့လုပ်ရပ်တွေကိုသုံးသပ်ကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်၊ အရင်တုန်းကလို ဒေသတွင်းအသင်းရယ်လို့မဟုတ်တော့ဘဲ လူထုစိုးရိမ်မကင်းဖြစ်ရတာတွေကို တင်ပြလို့ရကြမယ့် ဒေသတွင်း လူ့ဘောင်လူထုအသိုင်းအဝိုင်းကို ထူထောင်သွားကြမှာဖြစ်ပါတယ်”

လူ့အခွင့်အရေးပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ရေးပဲဖြစ်ဖြစ်၊ အကုန်လုံးခြုံလို့ ရတဲ့ ဒီမိုကရေစီရေးပဲဖြစ်ဖြစ် ဒီပဋိညာဉ်ကိုအခြေခံပြီး ကိုင်တွယ်သွားမှာဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒေသတွင်းမှာရိုက်ခတ်နေတဲ့ လှေစီးပြေးရိုဟင်ဂျာဒုက္ခသည်တွေရဲ့အရေးနဲ့ပတ်သက်ပြီးလည်း အားလုံးအနေနဲ့ လူလူချင်းစာနာမှုနဲ့ ကူညီဘို့ ဝတ္တရားရှိတယ်လို့ပြောပါတယ်။ ဒါဟာ ဘာသာရေးပြဿနာကိုပြောနေတာမဟုတ်သလို ယဉ်ကျေးမှုပြဿနာကိုပြောနေတာလည်းမဟုတ်ပါဘူး၊ စီးပွါးရေးအကျပ်အတည်းကြောင့်ဆိုတာကိုလည်း ထည့်ပြောနေတာမဟုတ်ဘူးလို့ ဆိုပါတယ်။ ထောင်နဲ့ချီတဲ့လူတွေ ပင်လယ်ထဲမျောနေကြတာ ပြဿနာပါပဲလို့ ဒေါက်တာဆူရင်းပစ်ဆူဝမ်ကပြောပါတယ်။

“ဒီရိုဟင်ဂျာပြဿနာကို အာဆီယံအနေနဲ့တာဝန်ယူရတဲ့သဘောမဟုတ်သလို ထိုင်းနိုင်ငံအနေနဲ့သော်လည်းကောင်း အင်ဒိုနီးရှားနိုင်ငံအနေနဲ့သော်လည်းကောင်း တာဝန်ယူဘို့မဟုတ်ဘဲ လူသားတွေအနေနဲ့တာဝန်ယူဘို့လို့ပြောပါရစေ၊ ဒုက္ခရောက်နေတဲ့သူတွေကို လူသားတွေရယ်လို့ စာနာစိတ်နဲ့ကူညီကြဘို့ဟာ လူ့ဂုဏ်သိက္ခာနဲ့လည်းညီပါတယ်”

ရှေ့သီတင်းပတ်အတွင်းမှာကျင်းပတော့မယ့် ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံအကြိုအနေနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးစိုက်ရာ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ကနေ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာပစ်ဆူဝမ်က ဗွီဒီယိုကွန်ဖရင့်နဲ့ လူထုကိုရှင်းလင်းပြောဆိုခဲ့တာဖြစ်ပါတယ်။

---

**စာမျက်နှာ ၅ မှ**

နေထိုင်ရန်မလိုပဲ ကုလသမဂ္ဂမှလူတွေ့စစ်ဆေးမည့်ရက်၊ ဆေးစစ်မည့်နေ့၊ လေယာဉ်စီးသင်တန်းနှင့် အခြားဗဟုသုတဆိုင်ရာ သင်တန်းများတက်ရသည့်နေ့များကို စခန်းတွင်းရှိပွဲစားက ဆက်သွယ်လာပါက မဲဆောက်မှ ကားငှားသွားရုံသာဖြစ်သည်။

အချို့နိုင်ငံရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များဆိုလျှင် ၄င်းတို့ကိုယ်တိုင် နိုင်ငံခြားမထွက်ကြသော်လည်း ပြည်တွင်းရှိဆွေမျိုးသားချင်းများ၊ အသိအကျွမ်းများအား နိုင်ငံကူးလက်မှတ်ဖြင့် လေကြောင်းမှတဆင့်လာရောက်စေပြီး ထိုမှတဆင့် နယ်စပ်ဒုက္ခသည်စခန်းတခုခုမှနေ၍ တတိယနိုင်ငံ တနိုင်ငံဆီသို့ ရောက်ရှိရေးအတွက် ကြိုးစားမှုအများအပြားရှိသကဲ့သို့ ဒေါနတောင်တန်းကိုဖြတ်ကျော်ပြီး နယ်စပ်မြဝတီမြို့မှတဆင့် လာရောက်သူများလည်းရှိသည်။

အမေရိကန်ရောက်သွားသူအမျိုးသမီးတဦးက ရန်ကုန်ကနေ လေယာဉ်နဲ့ထွက်တယ်၊ ဒေါ်လာ ၂၀၀၀ ယူလာတယ်၊ ဘန်ကောက်မှာလာကြိုတဲ့အသိတွေနဲ့ မဲဆောက်သွားပြီး ပွဲစားနဲ့တွေ့တယ်၊ စခန်းထဲဝင်ရဖို့စောင့်ရတာ ၂ လကျော်ကြာတယ်၊ စာအုပ်က ဘန်ကောက်အဝင် တလ နေထိုင်ခွင့်ရတယ်၊ ရက်ပြည့်တာနဲ့ မဲဆောက်မှာရှိတဲ့ ထိုင်းလဝကရုံးမှာ တလ ဘတ် ၂၈၀၀ နှုန်းနဲ့ ၂ လထပ်ရတယ်၊ အဲဒါပြီးရင်ဟာစာအုပ်ထဲက ဗီဇာသေပြီ၊ ကဲန့်ထဲဝင်ဖို့ အဲဒီလိုမသေခင်အပြီး စီစဉ်ရတယ်၊ စခန်းထဲနေဖို့အိမ်ဝယ်တဲ့ကိစ္စ၊ လူဟောင်းစာရင်းထဲ လူစားထိုးတဲ့ကိစ္စတွေကို ပွဲစားကပဲ အားလုံးစီစဉ်ပေးတယ်၊ ဘတ် တသိန်းလောက်ကုန်တယ်၊ လိုတဲ့ငွေကို အောက်လမ်းကနေ မဲဆောက်ကိုပို့ပေးတယ်၊ ငွေလွှဲတဲ့ဆိုင်က ဒုက္ခသည်စခန်းအထိ ငွေလာပို့ပေးတယ် ဟု ပြောသည်။

ဒုက္ခသည်စခန်း၌ အဝင်အထွက်ရှိပြီး ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်းမှ အမည်မဖော်လိုသူတဦးက စခန်းနဲ့ပတ်သက်တဲ့အဖွဲ့အစည်းတွေ၊ အဲန်ဂျီအိုတွေ၊ ယူအဲန်ကလူတွေ ပါဝင်ပတ်သက်မှုရှိတယ်၊ ၂၀၀၅ ခုနှစ်က စခန်းတိုင်းမှာရှိတဲ့ဒုက္ခသည်တွေကို မှတ်ပုံတင်လုပ်ပေးတယ်၊ ဓာတ်ပုံရိုက်တယ်၊ လက်ဗွေနှိပ်ရတယ်၊ ချက်ခြင်းပဲ ကွန်ပြူတာထဲသွင်းတယ်၊ ဒါကို ထိုင်းပြည်ထဲရေးကကိုင်တယ်၊ ဒုက္ခသည်တွေ နိုင်ငံခြားထွက်ခွင့်ရဖို့ဆုံးဖြတ်တာ UNHCR နဲ့ သက်ဆိုင်ရာတိုင်းပြည်က သံရုံးတွေဖြစ်တယ်၊ နိုင်ငံခြားသွားဖို့စီစဉ်တာ IOM ဖြစ်တယ်၊ နိုင်ငံခြားထွက်မယ့်လူဟာ စခန်းအုပ်ချုပ်ရေးမှူး(ပလာ)က လက်မှတ်မထိုးရင်စခန်းထဲကနေ လုံးဝထွက်ခွင့်မရှိဘူး၊ ဒီလိုစနစ်တကျရှိတဲ့ကြားမှာ နိုင်ငံခြားထွက်ခွင့်ရဖို့အတွက် လူသစ်တွေကို လူဟောင်းတွေနေရာမှာ အစားထိုးတဲ့ကိစ္စမှာ အောက်ခြေကစပြီး အထက်အထိ အားလုံးပါဝင်မှုမရှိရင် ဒီကိစ္စဘယ်ဖြစ်မှာလဲ ဟု ပြောသည်။

---

**သတင်းပြက္ခဒိန်မှ**

**ဖေဖော်ဝါရီ ၁၉၊ UN။ ။** ရင်ကြားစေ့ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် အဲန်အဲလ်ဒီနှင့် နအဖတို့အား ကုလအထွေထွေညီလာခံဥက္ကဋ္ဌမှ တိုက်တွန်း၏။

**ဖေဖော်ဝါရီ ၂၀၊ Mizzima ။ ။** ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်နေ့အမည်ဖြင့် နအဖအမိန့်ဖြင့် ပြောင်းလဲကျင်းပနေရကြောင်း။

**ဖေဖော်ဝါရီ ၂၀၊ Mizzima ။ ။** UWSA အား နအဖမှ မိမိလက်အောက် လက်နက်ကိုင်အဖွဲ့ အဖြစ်ပြောင်းရန် ဖိအားပေးနေကြောင်း။

**ဖေဖော်ဝါရီ ၂၀၊ Mizzima ။ ။** United Nationalities Alliance သည် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ကြောင်းဖြင့်ဆို၏။

**ဖေဖော်ဝါရီ ၂၀၊ Mizzima ။ ။** နအဖအာဏာပိုင်များသည် ဖေဖော်ဝါရီ ၂၁ တွင် တနိုင်ငံလုံးအကျဉ်းထောင်များမှ ၆၃၁၃ ဦးအား လွှတ်ပေးမည်ဟု တီဗွီသတင်းစာများမှ ကြေညာ၏။

**ဖေဖော်ဝါရီ ၂၀၊ UN။ ။** ဂျန်နဝါရီ ၃၁– ဖေဖော်ဝါရီ ၃ မြန်မာရင်ကြားစေ့ခရီးစဉ် အောင်မြင်မှုရှိမရှိအခြေအနေကို အထွေထွေညီလာခံဥက္ကဋ္ဌတောင်းဆို၍ ဂမ်ဘာရီမှအစီရင်ခံ၏။

**ဖေဖော်ဝါရီ ၂၀၊ DVB။ ။** မော်လမြိုင်ဈေးတွင် စစ်တိုင်းမှူး၏ဇနီး ပိုက်ဆံအိပ်နှိုက်ခံရမှုတွင် လူ၇၀ခန့် အဖမ်းခံရပြီး အရိုက်အနှက်ခံနေရကြောင်း။



## ဆင်းရဲကျပ်တည်းမှုနှင့် ဘိန်း

လွန်ခဲ့တဲ့ ၂ နှစ်အတွင်းမှာ မြန်မာပြည်မှာ ဘိန်းစိုက်ပျိုးမှုတိုးတက်လာနေတယ်လို့ သိရပါတယ်။ နိုင်ငံတကာမှာ ကုန်ပစ္စည်းတွေဈေးကျ၊ မြန်မာပြည်ရဲ့ နယ်စပ်ဒေသတွေမှာ နိုင်ငံရေးအခြေအနေမတည်ငြိမ်တာတွေက ဘိန်းစိုက်သူတွေ လက်ရှိရင်ဆိုင်နေရတဲ့အခြေအနေတွေ(ဆင်းရဲမွဲတေမှု)ကို မခံနိုင်တဲ့အတွက်ဖြစ်ပါတယ်၊ ဘိန်းစိုက်မှုကို ကန့်သတ်နိုင်ခဲ့ပေမဲ့လည်း ပြဿနာတွေကို ဖြေရှင်းနိုင်ခြင်းမရှိဘူးလို့ ကုလသမဂ္ဂက ပြောပါတယ်။ **(THE NATIONAL, 20.2.2009)**

## မဲဆောက်တွင်ငှက်တုပ်ကွေးဖြစ်ပြီလော

မဲဆောက်က မွေးမြူရေးလုပ်ငန်းတွေ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပြီလားဆိုတဲ့ စိုးရိမ်စိတ်တွေမြင့်တက်လာနေတယ်လို့ သိရပါတယ်။ အကြောင်းကတော့ ကြက်မွေးမြူရေးခြံတွေမှာကြက်တွေ နေ့စဉ်နဲ့အမျှသေနေတဲ့အတွက် ဖြစ်ပါတယ်။ ဒါပေမဲ့ မွေးမြူရေးခြံပိုင်ရှင်တွေက ဒီကိစ္စကို အတိအလင်းထုတ်ပြောလိုခြင်း မရှိဘူးလို့သိရပါတယ်။ ပြောလိုက်ရင် ခြံတွေအကုန်လုံးပိတ်လိုက်ရမှာဖြစ်ပါတယ်။ **(NMG, 19.2.2009)**

## ရခိုင်ပြည်နယ်သို့ရထားသစ်

နအဖဟာ ရခိုင်ပြည်နယ်တွင်းမှာ ပထမဦးဆုံးသောရထားလမ်းကို ဖောက်လုပ် ဖို့စီစဉ်နေတယ်လို့ သိရပါတယ်။ မိုင် ၃၀၀ ရှည်တဲ့ရထားလမ်းဟာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း စတဲ့မြို့နယ်တွေကို ရောက်ရှိဆက်သွယ်မယ့်လမ်းဖြစ်တယ်လို့ သိရပါတယ်။ **(XINHUA, 19.2.2009)**

## ကာကွယ်ရေးဦးစီးချုပ်နှစ်ဦး

ထိုင်းကာကွယ်ရေးဦးစီးချုပ်ရဲ့မြန်မာပြည်တရားဝင်ခရီးစဉ်အတွင်းမှာ နအဖ အကြီးအကဲလည်းဖြစ်၊ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လက်ခံတွေ့ရှိခဲ့တယ်လို့ သိရပါတယ်၊ နှစ်နိုင်ငံနယ်ခြားကိစ္စနဲ့ ရိုဟင်ဂျာကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ နအဖမီဒီယာတွေမှာ ဖော်ပြထားပါတယ်။ **(DPA, 18.2.2009)**

## စလောင်းကြောက်တဲ့စစ်တပ်

နအဖစစ်အာဏာပိုင်တွေဟာ ဂြိုဟ်တုကနေတဆင့်ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား အစီအစဉ်တွေကို ပြည်သူတွေမကြည့်ကြဖို့ သူ့ရဲ့သတင်းစာတွေမှာ ရေးသားနေတယ်လို့ သိရပါတယ်၊ အကြောင်းပြတာကတော့ အဲဒီအစီအစဉ် တွေဟာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လုပ်ဆောင်တဲ့အနေနဲ့ ဝါဒဖြန့်မှုတွေ လုပ်နေတယ်လို့ ဆိုပါတယ်။ **(ASIA NEWS IT, IRRAWADDY, 21.2.2009)**

## ဂမ်ဘာရီလည်း ဖိအားပေးခံနေရပြီလော

မြန်မာပြည်တွင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မြန်မာပြည်သို့သွားရောက်ဖို့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ပြည်တွင်းကရော ပြည်ပကနေပါ ဖိအားပေးခံနေရတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဘန်ကီမွန်းဟာ မြန်မာပြည်ခရီးနဲ့ ပတ်သက်ပြီး အတည်မပြုနိုင်သေးဘူးလို့ သိရပါတယ်။ **(REUTERS, 19.2.2009)**

## အစိုးရှာယ်ရှိရှိတွေ့ဆုံဆွေးနွေးပါ

ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ က မြန်မာစစ်အာဏာပိုင်တွေနဲ့ အတိုက်အခံအင်အားစုတွေကို ကြိုတင်ကန့်သတ်ချက်တွေမထားပဲနဲ့ နှောင့်နှေးကြန့်ကြာခြင်းမရှိပဲနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပါဆိုပြီး တောင်းဆိုလိုက်ပါတယ်။ ကုလမဂ္ဂရဲ့မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ်က အကြံပြုချက်တွေကို အမိအရယူပြီး အထွေထွေအတွင်းရေးမှူးချုပ်နဲ့ ပူးပေါင်းဆောင်ရွက်လိုတယ် ဆိုတာကို ပြသဖို့လုပ်ဆောင်ပါလို့ တိုက်တွန်းလိုက်ပါတယ်။ **(UN NEWS, 19.2.2009)**

## ဒီမိုကရေစီရေးအရှိန်မြှင့်ရန်လိုအပ်

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်ဝီရာယူဒါ က မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေနဲ့ ဒီမိုကရေစီရေးဦးတည်ပြောင်းလဲမှုတွေဟာ နှေးကွေးနေတဲ့အပေါ် ပြစ်တင်ဝေဖန်လိုက်ပါတယ်၊ ဒါ့အပြင် ပြစ်ဒဏ်ခတ်အရေးယူမှုဟာ မထိရောက်ဘူးဆိုပြီးတော့လည်း ပြောလိုက်ပါတယ်၊ မြန်မာစစ်အာဏာပိုင်တွေကတော့ ပြစ်ဒဏ်ခတ်အရေးယူတာတွေကို ဖယ်ရှားပေးပါ လို့ တောင်းဆိုနေပါတယ်၊ ဒီဟာက စစ်အစိုးရအပေါ် ထိခိုက်တယ်ဆိုတာ သေချာလို့ပဲဖြစ်ပါတယ်။ **(ABC, VOB, 19.2.2009)**

## အမေရိကန်ဒဏ်ခတ်မှုနှင့်ကျောက်မျက်လုပ်ငန်း

နအဖစစ်ခေါင်းဆောင်တွေနဲ့ သူ့ရဲ့အပေါင်းအပါတွေကို ပစ်မှတ်ထားတဲ့ ပြစ်ဒဏ်ခတ်အရေးယူမှုတွေဟာ မြန်မာပြည်တွင်းက ကျောက်မျက်လုပ်ငန်း အဓိကလုပ်ကိုင်တဲ့ မိုးကုတ်မှာ အကျိုးသက်ရောက်နေပြီလို့ သိရပါတယ်။ ကျောက်တွင်း ၅၀ မှာ ထုတ်လုပ်မှုကျဆင်းလာနေပြီး၊ ပြည်ပသို့တင်ပို့မှုတွေ လည်း ထိခိုက်လာနေပါတယ်။ ထိုင်းကုန်သည်တွေက မြန်မာပြည်က ကျောက် တွေကို ဈေးနှိမ်ပြီးဝယ်နေတယ်လို့လည်းသိရပါတယ်။ **(IRRAWADDY, 19.2.2009)**

## တိုင်းရင်းသားတွေလည်း ၂၀၁၀ ဆန့်ကျင်

ညီညွတ်သောတိုင်းရင်းသားမဟာမိတ်ပါတီများ UNA ဟာ နအဖက ကျင်းပဖို့စီစဉ်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်မယ်လို့ ပြောဆို လိုက်ပါတယ်။ UNA ရဲ့ကြေညာချက်နဲ့ ဂမ်ဘာရီက ကုလသမဂ္ဂမှာ မြန်မာပြည်ခရီးနဲ့ပတ်သက်ပြီးအစီရင်ခံချိန်နဲ့ တိုက်ဆိုင်မှုရှိနေပါတယ်။ မြန်မာပြည်ထဲက ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေတွေက အရင်ဖြေရှင်းဖို့လိုအပ်တယ်လို့ ဆိုပါတယ်။ **(MIZZIMA, 20.2.2009)**

# ကျပ်ငွေတန်ဖိုးတက်နေဆဲဖြစ်၍ နယ်စပ်ကုန်သွယ်ရေး ရပ်လုနီးပါး

**DVB ၊ ဖေဖော်ဝါရီ ၂၀ ။** ။ ဝယ်လိုအားကျဆင်းမှုကြောင့် လူသုံးကုန်ပစ္စည်းဈေးကို တဖြည်းဖြည်းချနေရပြီး ရောင်းအားပြန်တက်ဖို့ နည်းပေါင်းစုံကြိုးပမ်းနေရတယ်လို့ ရန်ကုန်မှကုန်စုံအရောင်းဆိုင်တခုကပြောပါတယ်။

"တပတ်တပတ်ကို ဆင်းဆင်းသွားတာ၊ ကော်ဖီတွေဘာတွေဆိုရင် တော်တော်ကျတယ်၊ ပါကင်ထဲမှာ လက်ဆောင်ထည့်ပေးတာတို့ လက်ဆောင်တွေနဲ့ ပရိုးမိုးရှင်းလုပ်တာပေါ့၊ ဈေးလည်းကျတယ်၊ စားသုံးသူနည်းတော့ အရောင်းကျတော့ ဈေးနှုန်းကိုချပေးတယ်၊ တချို့ဟာကျတော့ မချဘဲ လက်ဆောင်ပေးတာပေါ့၊ ဒီမှာ အခုဆိုရင် သွားတိုက်ဆေးတဒါဇင်ယူရင် တဗူးလက်ဆောင်ပေးတာတို့ပေါ့"

ပေါ်ဆန်းမွှေးဆန် (ရှယ်) တတင်းခွဲတအိတ် ကျပ် ၁၈,၀၀၀၊ ဧည့်မထ ၁၀,၅၀၀ ဖြစ်ပြီး မြေပဲဆီ တပိဿာ ၃၁၀၀ ကျပ်၊ အရောဆီ ၂၆၀၀၊ အကျော်ခံဆီ ၁၈၀၀ ကျပ်ဖြစ်ပါတယ်။ ကြက်သွန်နီတပိဿာ ၆၀၀ ကျပ်၊ ကြက်သွန်ဖြူ ၉၀၀၊ ရေတ်သီးခြောက် ၂၄၀၀၊ အာလူး ၆၀၀၊ အိုင်အိုဒင်းဆားတထုပ် ၂၅၀ ပါ၊ အမဲသားတပိဿာ ၇၀၀၀ ကျပ်၊ ဆိတ်သား ၇၀၀၀၊ ဝက်သား ၄၅၀၀၊ ငါးရံ့ ၃၅၀၀၊ ငါးကြင်း ၃၀၀၀၊ ငါးမြစ်ချင်း ၂၅၀၀၊ ကြက်ဥဘဲဥတလုံး ၈၀ ဖြစ်ပါတယ်။

လောင်စာဆီအပြင်ပေါက်ဈေးမှာ ဓါတ်ဆီတဂါလံ ၂၇၀၀ ကျပ်၊ ဒီဇယ် ၂၀၀၀ ဖြစ်ပါတယ်။

ငွေလဲနှုန်းမှာ အမေရိကန်တဒေါ်လာ ၁၀၁၀ ကျပ်၊ ထိုင်းတဘတ် ၂၆ ကျပ် ၉၅ ပြား၊ တရုတ်တယွမ် ၁၃၉ ကျပ်၊ ဘင်္ဂလားဒေရှ် တတကာ ၁၄ ကျပ် ပြား ၇၀၊ အိန္ဒိယတရူပီ ၁၉ ကျပ် ပြား ၇၀၊ FEC တယူနစ် ၁၀၀၀ ကျပ်ပါ။

နယ်စပ်တွေမှာ မြန်မာကျပ်ငွေတန်ဖိုး ဆက်တက်နေပြီး ထပ်တက်ဦးမည့် အရိပ်လက္ခဏာရှိတယ်လို့ နယ်စပ်ကုန်သည်တွေကပြောပါတယ်။

အခေါက်ရွှေ ကျပ် ၅၁၀,၀၀၀၊ ၁၅ ပဲရည် ၄၇၉,၀၀၀ ရှိပြီး ရွှေဈေးနည်းနည်းပြန်တက်လာပါတယ်။ ကမ္ဘာ့ရွှေဈေးကွက်ကလည်း ပြန်တက်လာပါတယ်။

နယ်စပ်ကုန်သွယ်ရေးတွင် ထိုင်းနယ်စပ် (မြဝတီ–မဲဆောက်) ၌ မြန်မာပြည်ကပစ္စည်းတွေ မထွက်သလောက်ရှိပြီး အရောင်းအဝယ်အတော်ပါးနေတယ်လို့ ကုန်သည်တဦးကပြောပါတယ်။

---

**စာမျက်နှာ ၃ မှ**

ထူးလက်ခံစဉ်ကပြောသွားခဲ့တဲ့ အပြုသဘောဆောင်တဲ့သံတမန်ရေးဆက်ဆံမှုနဲ့ ဖိအားပေးမှုတို့ကို ဉာဏ်ရည်နဲ့ယှဉ်တွဲအသုံးချသွားမယ်ဆိုတဲ့နည်းကို ဒီနေရာမှာသုံးသွားမလား၊ အိုဘားမားအစိုးရအနေနဲ့ အမေရိကန်ကချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရုပ်သိမ်းသင့်သလောက်ရုပ်သိမ်းပေးဖို့ ကြိုးပမ်းသွားမလား၊ ပေါ်လစီအသစ်တွေကိုသုံးသပ်သွားမလားဆိုတဲ့မေးခွန်းတွေကတော့ သတင်းမီဒီယာတွေမှာထွက်ပေါ်ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်ဝီဒါယုဒကတော့ သူ့ရဲ့အတွေ့အကြုံအရ မြန်မာနိုင်ငံရေးပြဿနာကို နယ်မြေအချုပ်အခြာပိုင်ဆိုင်မှုကိစ္စများကတဆင့် ကိုင်တွယ်ဖြေရှင်းသင့်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် လက်ရှိမြန်မာနိုင်ငံမှာခံစားနေရတဲ့ စီးပွါးရေးအခက်အခဲနဲ့ လူသားချင်းစာနာမှုဆိုင်ရာပြဿနာတွေကိုလည်း အခြေခံသွားသင့်တယ်လို့ ဆိုပါတယ်။ အာဆီယံချာတာကို ပြီးခဲ့တဲ့နှစ် ဂျူလိုင်လက မြန်မာနိုင်ငံကလည်း အတည်ပြုခဲ့တာကြောင့် လူ့အခွင့်အရေးကိစ္စရပ်တွေနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အဲဒီကတဆင့် ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်လို့ယူဆကြောင်းလည်း ဟတ်ဆန်ဝီဒါယု ဒကပြောသွားပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ကလင်တန်အနေနဲ့ အာဆီယံဌာနချုပ်ကို သူ့ရဲ့ခရီးစဉ်အတွင်း သွားရောက်လည်ပတ်ခဲ့ပြီး ဒေသလုံခြုံရေးညီလာခံကိုလည်းတက်ရောက်ဖို့ အမေရိကန်အနေနဲ့ စိတ်ဝင်စားမှုရှိခဲ့တယ်လို့ ပြောခဲ့ပါတယ်။

# အကျဉ်းသား ၆၀၀၀ လွှတ်ပေးမည်ဟု နအဖမီဒီယာများ ထုတ်ပြန်ကြေညာ

**VOB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ မြန်မာစစ်အာဏာပိုင်တွေက အကျဉ်းသား ၆၀၀၀ ကျော်ကိုပြန်လွှတ်မည်ဖြစ်ကြောင်းနှင့် နောင်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပြုမည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စား လှယ် မြန်မာပြည်မှပြန်သွားပြီး နောက်တရက်အကြာတွင် ၎င်းတို့ချုပ်ကိုင်ထားသည့် မီဒီယာများတွင် ဖော်ပြလိုက်ပါသည်။

ခန့်မှန်းခြေအားဖြင့် ၂၀၀၀ ခန့်ရှိသော နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်၍ စစ်အာဏာပိုင်များက တလုံးတပါဒမျှထုတ်ပြန်ပြောဆိုထားခြင်း မရှိပေ။ သို့သော် ပြန်လွှတ်ပေးမှုများစတင်နေပြီဖြစ်ကြောင်း အဲန်အဲလ်ဒီက ပြောဆိုသည်ဟု သိရသည်။ အာဏာပိုင်များက ၆၃၁၃ ဦး လွှတ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုသူများသည် ၂၀၁၀ ခုနှစ်တွင်ကျင်းပမည့်ရွေးကောက်ပွဲတွင် အခြားနိုင်ငံသားများကဲ့သို့ နိုင်ငံ၏အကျိုးဖြစ်မည့်ကိစ္စများတွင် ပါဝင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဆိုသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးခြင်းသည် တိုးတက်မှုတခုဖြစ်သည် ဟုဆိုထားသည်။ လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာပြည်သို့လာရောက်သည့်ကိစ္စကို နအဖ က ၎င်း၏မီဒီယာတွင် ဖော်ပြခဲ့သော်လည်း အသေးစိတ် ကိုမူ ရေးသားဖော်ပြခြင်းမရှိပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထိုကဲ့သို့သောလွှတ်ပေးမှုတွင် နိုင်ငံရေးအကျဉ်းသားတချို့ပါဝင်လိမ့်မည်ဟု ပြောဆိုသော်လည်း အမြောက်အမြားလွှတ်မည်ဟု မျှော်လင့်ထားခြင်းမရှိကြောင်း ဆိုသည်။

---

# ဘာသာရေးအဖွဲ့များတွင် အာဏာပိုင်များနှင့် ကြံ့ဖွတ်များနေရာယူ

**DVB** ၊ ဖေဖော်ဝါရီ ၁၉ ။ ။ သထုံနယ်ကျွန်းမြို့နယ်က ဘာသာရေးအသင်းအဖွဲ့များမှာ ရယကဥက္ကဋ္ဌတွေနဲ့ ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူးတွေ နေရာယူနေကြလို့ ရပ်ကွက်သူ ရပ်ကွက်သားတွေ မကျေနပ်ကြဘူးလို့ သထုံနယ်ကျွန်းမှာ နေထိုင်သူတဦးက ပြောပါတယ်။

ဓမ္မာရုံမှာဆိုရင် အတွင်းရေးမှူးနေရာတို့လို၊ ရပ်ကွက်ဥက္ကဋ္ဌ က ဓမ္မာရုံဥက္ကဋ္ဌ သူတို့ဖွဲ့စည်းပုံမှာ အဲဒီလိုနေရာယူထားတယ်ဗျ၊ ပြည်သူက ကြိုက်နှစ်သက်တဲ့ နာယကကြီးတွေကို ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံဥက္ကဋ္ဌအဖြစ် တင်မြှောက်တာကို လက်မခံဘူးဖြစ်နေတယ်၊ ရပ်ကွက်တော်တော်များများမှာ ပြည်သူနဲ့ သူတို့နဲ့ နည်းနည်းလေး သဘောထားကွဲလွဲမှုတွေရှိနေပါတယ်၊

ဆွမ်းလောင်းအသင်းအလှူငွေတွေနဲ့ အသုံးပြုစာရင်းတွေကိုလည်း ရယက ရုံးကို တင်ပြရတဲ့အပြင် အလှူငွေတွေကို စစ်မှုထမ်းဟောင်းတွေနဲ့ အစိုးရဝန်ထမ်းဟောင်းတွေနဲ့ဖွဲ့ထားတဲ့ မြို့နယ်ဥပသာကအဖွဲ့တွေကို ပေးအပ်နေရတယ်လို့လည်း ပြောပါတယ်။

ရပ်ကွက်က ရွေးချယ်ထားတဲ့ ဓမ္မာရုံဥက္ကဋ္ဌတွေ၊ ကော်မတီတွေဆိုရင် သူတို့ မြို့နယ်က အသိအမှတ်မပြုဘူး၊ တရားမဝင်ဘူးဆိုပြီး ဖိအားပေးတာရှိတယ်ဗျ၊ ဝါတွင်း သုံးလမှ အလှူခံထွက်တယ်၊ သံဃာတော်တွေကို ဆွမ်းလောင်းတယ်၊ အဲဒီလိုဆွမ်းလောင်းတဲ့နေရာမှာရတဲ့ ရှင်းတမ်းကိုလည်း လစဉ် ရဝတရုံးကို ပေးပို့ရမယ်တဲ့။ ရဝတရုံးကနေတဆင့် မြို့နယ်ဥပသာကကို ပေးပို့မှာပေါ့၊ အဲဒီလို ချုပ်ကိုင်ထားတာရှိတယ်၊ ဒီမှာရှိတဲ့ ဘာသာဝင်တွေလည်း တော်တော်လေး မကျေမနပ်ဖြစ်နေတယ်။

# ပြည်ပဆန်တင်ပို့မှုတိုး၊ ပြည်တွင်း၌ လယ်မြေသိမ်း

**VOA ၊ ဖေဖော်ဝါရီ ၁၆ ။** ။ မြန်မာနိုင်ငံထွက်ဆန်တွေ နိုင်ငံခြားတင်ပို့မှုတိုးလာတယ်ဆိုတဲ့သတင်းတွေ ဒီသီတင်းပတ်ထဲမှာထွက်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း ပြည်တွင်းလူထုစားသုံးတဲ့ဆန်တွေရဲ့ဈေးနှုန်းကတော့ ကျမသွားတဲ့အပြင် အတက်တောင်ရှိနေတယ်လို့ ဒေသခံတွေကပြောကြပါတယ်။ ဒီအတောအတွင်းမှာပဲ ရန်ကုန်တိုင်းအတွင်းကလယ်မြေအချို့ကို ပုဂ္ဂလိကကုမ္ပဏီတွေကသိမ်းယူနေတဲ့အတွက် လယ်သမားတွေနစ်နာနေရတယ်ဆိုတဲ့ပြောဆိုသံတွေကိုလည်း ကြားလာရပါတယ်။

မြန်မာနိုင်ငံထွက်ဆန်တွေ ပြည်ပဈေးကွက်မှာအဝယ်လိုက်နေပြီး အဓိကဝယ်ယူနေကြတာကတော့ အာဖရိကတိုက်နိုင်ငံတွေနဲ့ ဘင်္ဂလားဒေ့ရှ်တို့ဖြစ်တယ်လို့ ပြည်တွင်းဆန်စပါးဈေးကွက်ကုန်သည်တွေဆီကသိရပါတယ်။ မြန်မာ့ဆန်ဟာ ထိုင်းတို့ ဗီယက်နမ်တို့ကဆန်တွေရဲ့အရည်အသွေးကိုမမီတဲ့အတွက် အဲဒီဆန်တွေလောက် ဈေးကောင်းမရ၊ ကမ္ဘာ့ဆန်ဈေးကွက်အနှံ့အပြားကို တင်ပို့ရောင်းချနိုင်တာမဟုတ်ဘဲ အရည်အသွေးမမြင့်တဲ့ဆန်ကို အနိမ့်ဈေးနဲ့ဝယ်ချင်ကြတဲ့ အာဖရိကနဲ့ အာရှကနိုင်ငံတွေကိုပဲ တင်ပို့နိုင်တာပါ။ ဈေးနိမ့်ပေမယ့်လည်း ကိုယ်ကရောင်းချင်တဲ့အခါကျတော့ တင်းမခံနိုင်ဘဲ ရောင်းနေရတာပါ။

ပြည်ပဆန်အရောင်းတက်တဲ့အချိန်မှာ ပြည်တွင်းဆန်ဈေး လိုက်တက်တာကလည်း မြန်မာနိုင်ငံမှာ အစဉ်အလာလိုဖြစ်နေခဲ့တဲ့ကိစ္စပါ။ ဒါတောင်မှပဲ ပြည်ပကိုဆန်တင်ပို့တယ်၊ ပြည်ပဆန်အဝယ်လိုက်တယ် စသည်ဖြင့် ဖြစ်နေပေ မယ့် တနှစ်တနှစ် ပြည်ပပို့နိုင်တဲ့ပမာဏက ပြောပလောက်အောင်မရှိဘူးလို့ ရန်ကုန်မြို့ဘုရင့်နောင်ဈေးကုန်သည်တဦးကပြောပါတယ်။

---

# ဓါတ်မြေသြဇာမကောင်း၍ လယ်သမားများအခက်တွေ့

**NEJ ၊ ဖေဖော်ဝါရီ ၁၉ ။** ။ ရောဝတီတိုင်း အိမ်မဲမြို့နယ် ကြက်ခတ်ခွပ်ရွာတွင် ကုမ္ပဏီတခုက အရည်အသွေးနည်းတဲ့ဓါတ်မြေသြဇာတွေကို မြို့နယ်အာဏာပိုင်တွေနဲ့ပေါင်းပြီး လယ်သမားတွေကိုရောင်းချပါတယ်။

ပခုက္ကူမြို့ကနေထုတ်လုပ်တဲ့ ရွှေသီးနှံဆိုတဲ့ဓါတ်မြေသြဇာကို ကုမ္ပဏီကိုယ်စားလှယ် ဦးစိုးမြင့်က အိမ်မဲမြို့နယ်အတွင်းက ကြက်ခတ်ခွပ်ကျေးရွာက လယ်သမားတွေကို စိုက်ပျိုးချိန်မှာသုံးစွဲပါ၊ ခါတိုင်းထက်ပိုမိုထွက်ရှိစေရပါမယ်၊ ထွက်နှုန်းမတိုးဘူးဆိုရင် မြေသြဇာရဲ့တန်ဖိုးကို လုံးဝပေးစရာမလိုပါဘူးလို့ ရယကတွေကိုသက်သေထားပြီးရောင်းချခဲ့တာလို့ ကြက်ခတ်ခွပ်ကျေးရွာမှ လယ်သမားတဦးကပြောပါတယ်။

ဒီမြေသြဇာတွေကိုသုံးလို့ စပါးအထွက်နှုန်း ဆိုးဆိုးရွားရွားကျဆင်းခဲ့တဲ့ကိစ္စကို ရယကအဖွဲ့ကတဆင့် အထက်အဆင့်ဆင့်ကို လယ်သမားတွေကတင်ပြခဲ့ကြပါတယ်။

ဒါပေမဲ့ ဒီကုမ္ပဏီက မယကကို ထောက်ခံချက်မျိုးစုံပြသရှင်းလင်းသလိုတိုင်တဲ့လယ်သမားတွေကိုတရားစွဲဆိုပြီး မြေသြဇာဖိုးတွေကို အတင်းအကျပ်တောင်းခံနေပါတယ်။

ဒီအပေါ် ကျေးရွာရယကအဖွဲ့ဝင်တွေကိုယ်တိုင် မကျေနပ်လို့ တာဝန်တွေကနေနုတ်ထွက်ကြပုံကို အဆိုပါလယ်သမားကပဲ “ဒီအတွက် လယ်သမားတွေအကုန် ဆင်းရဲဒုက္ခရောက်ပြီး တရားရုံးမှာရင်ဆိုင်ရမယ့်အနေအထားတွေဖြစ်နေတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျေးရွာရယကတွေလည်း တာဝန်ကနေနုတ်ထွက်ကုန်တယ်” လို့ ပြောပါတယ်။

ကုမ္ပဏီက မြို့နယ်တို့ ခရိုင်တို့နဲ့ပေါင်းပြီးလုပ်နေတာတွေကို အထက်အဖွဲ့အစည်းအဆင့်ဆင့်ကသိရှိပြီး လယ်သမားတွေရဲ့နစ်နာမှုကို သူတို့ပေးထား

# မော်လမြိုင်တွင် မီးသတ်ကားဝယ်ရန် ပိုက်ဆံစတင်ကောက်ခံ

**NEJ ၊ ဖေဖော်ဝါရီ ၁၈ ။** ။ မော်လမြိုင်မြို့တွင် ရပ်ကွက်အလိုက် ကိုယ့်အားကိုယ်ကိုးမီးသတ်ကားတွေဝယ်ဘို့ ရပ်ကွက်တွေမှာ ပိုက်ဆံစကောက်နေပြီလို့သိရပါတယ်။

လွန်ခဲ့တဲ့လေးရက်လောက်က အိမ်တအိမ်ကို ၅ ထောင် ၁ သောင်းနှုန်း၊ လုပ်ငန်းရှင်ဆိုရင် ၁ သိန်း ၂ သိန်းနှုန်းထည့်ဘို့ ရပ်ကွက်ရယကရုံးတွေမှာဆန္ဒခံယူခဲ့ပြီး အလှူငွေကို ရယကနဲ့ကြံ့ဖွံ့အသင်းဝင်တွေ ဒီနေ့ညနေပိုင်းမှာ စတင်ကောက်နေတာပါ။ ဒီလိုကောက်ခံနေတာနဲ့ပတ်သက်ပြီး မော်လမြိုင်မြို့ခံတဦးကပြောပါတယ်။

“တချို့တလေလည်း ၂ ထောင်ပဲထည့်လိုထည့်၊ ယူရင်ယူ မယူရင်နေ ဆိုပြီးလုပ်တာတွေလည်းရှိတယ်၊ ကျနော်တို့ဘက်ဆိုရင် အနည်းဆုံး မရှိဘူးဆို ရင် ၁၅ စီး အစီး ၂၀ ဝန်းကျင်လောက်ဖြစ်သွားမယ်၊ ဆန္ဒခံယူပြီးမှလုပ်တယ်ဆို တော့ ပိုက်ဆံနိုင်တာပေ့ါ၊ မနိုင်တဲ့ရပ်ကွက်တွေကြတော့လည်း ၂ ရပ်ကွက် တစီးပေ့ါ”

မော်လမြိုင်အောက်ဈေးမီးလောင်ပြီး ဆုံးရှုံးမှုများပြားခဲ့ပြီးတဲ့နောက် ရပ်ကွက်အလိုက် ကိုယ့်အားကိုယ်ကိုး မီးသတ်ကားဝယ်ယူရေးအစီအစဉ်ကို တိုင်းမှူးကိုယ်တိုင် ညွှန်ကြားအကောင်အထည်ဖော်နေတာဖြစ်ပါတယ်။

မော်လမြိုင်မြို့ပေါ်မှာ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်နဲ့ တိုးချဲ့ရပ်ကွက်တွေပါရှိနေတာကြောင့် မီးသတ်ကားအတော်များများဝယ်ရမှာလို့ အဲဒီမြို့ခံကဆိုပါတယ်။

ဝယ်ယူမယ့်မီးသတ်ကားတွေကို ရယကရုံးတွေနားမှာထားရှိပြီး မောင်းနှင်မယ့်ဝန်ထမ်းတွေခန့်အပ်သွားမယ်လို့ ဆိုပါတယ်။

မီးသတ်ကားထိန်းသိမ်းစောင့်ရှောက်ရေးကို ဘယ်လိုလုပ်မယ်ဆိုတာ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။

ကိုယ့်အားကိုယ်ကိုးမီးသတ်ကားတွေဝယ်ယူဘို့ အလှူငွေတွေကောက်ခံနေတဲ့အပေါ် အဲဒီမြို့ခံက “စီးပွါးရေးပျက်နေတဲ့အချိန်မှာလုပ်တယ်ဆိုတော့ လူတွေ နည်းနည်းအခက်အခဲဖြစ်တာပေ့ါ၊ အချို့လက်လုပ်လက်စားတွေဆို စကားများတဲ့အနေအထားတောင်ဖြစ်တယ်” လို့ ပြောပါတယ်။

မီးသတ်ရေကန်နဲ့ မီးသတ်ပိုက်ခေါင်းတွေကိုတော့ ဘာမှပြင်ဆင်မှုမရှိသေးသလို မော်လမြိုင်မီးသတ်ရဲ့ မီးသတ်ကားအစီးရေကိုလည်း တိုးချဲ့ခြင်းမရှိဘူးလို့ မြို့ခံတွေကပြောပါတယ်။

---

**စာမျက်နှာ ၈ မှ**

နှိုင်းယှဉ်ကြည့်လိုက်လျှင် တိုင်းပြည်သည် မည်သို့သောအခြေအနေမျိုးကို ရောက်နေသလဲဆိုသည်ကို ကောင်းကောင်းမြင်နိုင်သည်။

တရားဥပဒေစိုးမိုးမှု(Rule of Law) မရှိပဲနှင့် ခေတ်မီတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဆိုသည့်နအဖဗိုလ်ချုပ်ကြီးများ ပြောနေကျစကားများသည် မုသာဝါဒ သာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

---

တဲ့ကတိအတိုင်း မြေသြဇာတန်ဖိုးတွေမပေးရဘို့ အထက်အာဏာပိုင်တွေအနေနဲ့ ဆောင်ရွက်ပေးစေချင်တယ်လို့ဆိုပါတယ်။

ဒီအဖြစ်မျိုးဟာ ကြက်ခတ်ခွပ်ကျေးရွာတရွာတည်းမဟုတ်ဘဲ အိမ်မဲမြို့နယ်အတွင်းက အခြားကျေးရွာတွေမှာလည်းဖြစ်နေတယ်လို့ အဲဒီလယ်သမားကပြောပါတယ်။

ဒီနှစ် စပါးဈေးကျလို့ အခက်တွေ့တဲ့လယ်သမားတွေဟာ မြေသြဇာမကောင်းလို့ စပါးထွက်နှုန်းပါကျတာကြောင့် ငွေကြေးအခက်အခဲပိုတွေ့နေရတယ်လို့ လယ်သမားတွေကပြောပါတယ်။

# နာဂစ်အလောင်းသင်္ဂြိုဟ်သူတွေကို ရှေ့နေမပါဘဲ အမှုဆက်စစ်

**NEJ၊ ဖေဖော်ဝါရီ ၁၈။** ။ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားတဲ့အလောင်းတွေကိုလိုက်ကောက်ပြီး မြေမြှုပ်သင်္ဂြိုဟ်တဲ့ကိစ္စနဲ့ဖမ်းထားတဲ့ ဒေါက်တာနေဝင်းနဲ့ သူ့သမီး မဖြိုးဖြိုးအောင်တို့အပါအဝင် ဗကသကျောင်းသားတွေကို ရှေ့နေလိုက်ခွင့်မပြုဘဲ အင်္ဂါနေ့ကရုံးထုတ်စစ်ဆေးတယ်လို့ မိသားစုဝင်တဦးကပြော ပါတယ်။

အင်းစိန်ထောင်တွင်းတရားရုံးမှာစစ်ဆေးတာဖြစ်ပြီး မဖြိုးဖြိုးအောင်နဲ့ တခြားဗကသကျောင်းသားတွေဖြစ်တဲ့ ကိုအောင်ကျော်ဆန်း၊ ကိုဘုန်းပြည့်ကြွယ်၊ ကိုရှိန်းရာဇာထွန်းနဲ့ ကိုအောင်သန့်ဇင်ဦးတို့ကို သူတို့အဖမ်းခံရပြီးနောက်မှထုတ်ဝေတဲ့ အိုးဝေမဂ္ဂဇင်းနဲ့ပတ်သက်ပြီး စစ်ဆေးတာလို့ဆိုပါတယ်။

ဗဟန်းရဲအုပ် ဦးသန်းစိန်၊ ဒုရဲအုပ် ဦးဝင်းကျော်နဲ့ ဦးတင်အုန်းတို့ ၃ ဦးက လာရောက်ထွက်ဆိုသွားတာဖြစ်တယ်လို့ ဒီနေ့ထောင်ဝင်စာသွားတွေ့တဲ့ ဒေါက်တာနေဝင်းရဲ့ဇနီး ဒေါ်သန္တာခင်ကပြောပါတယ်။

ဒေါက်တာနေဝင်းနဲ့ မဖြိုးဖြိုးအောင်တို့ကို ဘိုကလေးမှာအလောင်းတွေသွားသင်္ဂြိုဟ်ပြီးအပြန် ၂၀၀၈ ဇွန်လ ၁၅ ရက်နေ့မှာအဖမ်းခံရတာဖြစ်ပြီး အိုးဝေမဂ္ဂဇင်းထွက်တဲ့နေ့က ၂၀၀၈ ဂျူလိုင်လ ၇ ရက်နေ့ဖြစ်တယ်လို့ ဒေါ်သန္တာခင်ကပြောပါတယ်။

"SB ၃ ယောက်နဲ့လာထွက်ပြီး အိုးဝေ ဒီစာစောင်နဲ့ သမီးကိုတရားစွဲတယ်လို့ပြောတယ်၊ သမီးက သူထောင်ထဲမှာရောက်နေတာ ၁၅ ရက် ဖြ လကတည်းကရောက်နေတာ ဘယ်လိုလုပ် ၇ လပိုင်း ၇ ရက်နေ့စာစောင်ကို သူသိမှာလည်းလို့ပြောတော့ အဲဒါကို ညာတာပါ၊ သမီးကို သက်သေပြပါမယ်ဆို ပြီး ထွက်သွားတယ်။ ကိုနေဝင်းကိုကြတော့ ဒီခရီးစဉ်မှာ သမီးက ဗကသဖြစ်တာသိရက်သား နဲ့ ဗကသအဖွဲ့ကိုအားပေးထောက်ခံပြီး ဘိုကလေးမှာသွားပြီး ကိုယ်တိုင်လှူပ်ရှားတယ်လို့ပြောတယ်၊ အခုတရားစွဲနေတာ နာဂစ်ကိစ္စနဲ့ ပတ်သက်လို့ တလုံးမှမပါဘူး"

ဒီအမှုကို ရှေ့နေလိုက်ခွင့်မပြုဘဲ ရုံးထုတ်စစ်ဆေးနေတာ ၃ ပါတ်ရှိပြီဖြစ်ပြီး နောက်တပါတ်အင်္ဂါနေ့ကို ရုံးချိန်းထပ်ပေးလိုက်တယ်လို့ ဒေါ်သန္တာခင်ကပြောပါတယ်။ ရှေ့နေလိုက်ခွင့်မရတဲ့အတွက် ဥပဒေအရခုခံချေပခွင့် ဆုံးရှုံးရတယ်လို့လည်း ဒေါ်သန္တာခင်ကပြောပါတယ်။

"ကျမတို့လို နာဂစ်မှာအလောင်းသင်္ဂြိုဟ်တဲ့လူတွေကြတော့ ရှေ့နေဝင်ခွင့်မရဘူးဆိုတော့ မြန်မာပြည်ရဲ့တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်လိုယုံကြည်ရမှန်းကိုမသိတော့ဘူး"

ဗဟန်း SB ဦးဝင်းမြင့်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကိုထိခိုက်အောင်လုပ်ဆောင်မှု၊ မတရားသင်းဖွဲ့စည်းမှု စတဲ့ပုဒ်မတွေနဲ့ တရားစွဲတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၉ မှ**

မဟုတ်ပါဘူး။ တိုင်းပြည်မှာစစ်ဖြစ်နေရင် စစ်တပ်ကကြီးစိုးပါတယ်။ ဒီလိုမျိုး မဟုတ်ရင် စစ်တပ်ဆိုတာ အစိုးရရဲ့ထိန်းချုပ်မှုအောက်မှာရှိတဲ့ အထူးသဖြင့် ရွေးကောက်ပွဲ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးတွေကိုလုပ်ပေးတဲ့ အသင်းအဖွဲ့ (Institution) တခုဘဲ ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂတို့၊ အလုပ်သမားသမဂ္ဂတို့ဆိုတာ Institution ပါဘဲ။ မီးသတ်၊ ရဲ၊ ကုန်သည်ကြီးများအသင်း အစရှိတာတွေကလည်း Institution ပါဘဲ။ ဘယ်ဒီမိုကရေစီနိုင်ငံမှာမှ Institution တွေက အစိုးရလုပ်တာ မရှိပါဘူး။ အစိုးရအလုပ်ကို အစိုးရအဖြစ်ရွေးချယ်တင်မြှောက်ခံရတဲ့သူတွေ၊ ဒါမှမဟုတ် အာဏာသိမ်းပြီး သူတို့ကိုသူတို့ သတ်မှတ်ထားသူတွေကဘဲ လုပ်ရပါတယ်။ ဒါကြောင့် စစ်တပ်က အစိုးရ လုပ်ဖို့မဖြစ်နိုင်ပါဘူး။ ပြည်သူတွေက ရွေးချယ်တင်မြှောက်တာမရှိပဲ အစိုးရနေရာဝင်ယူရင် (လွှတ်တော်အမတ်လုပ်ရင်) ဒါဟာ ကိုယ်စားပြုဒီမိုကရေစီ အစစ်အမှန်မဟုတ်တော့ပါဘူး။ တကယ်လို့သာ ပင်လုံစာချုပ်လို ပဏာမသဘောတူညီချက်သာရှိနေခဲ့ရင် ဒီလို မမှန်မကန်ဖြစ်နေတာတွေကို ကြိုတင်ဖယ်ရှားနိုင်မှာဖြစ်ပါတယ်။

နအဖရဲ့ လမ်းပြမြေပုံအတိုင်း ဆက်လုပ်နေလို့ကတော့ ဒီမိုကရေစီ အစစ်အမှန်ကို ရမှာမဟုတ်ပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် မဆလခေတ်တုံးက ပုတ်သင်ညိုလွှတ်တော်လို ဖြစ်နေဦးမှာပါဘဲ။ ဒီလိုဖြစ်ခဲ့လို့လည်း နောက်ဆုံးတနေ့မှာ မဆလပါတီရော အာဏာရှင် ဦးနေဝင်းပါ ဘုံးဘုံးလဲပြိုကွဲခဲ့ရတာ ဖြစ်ပါတယ်။ ဒါကို ထပ်တူလိုက်လုပ်ဦးမယ်၊ ဒါမှမဟုတ် နည်းလမ်းခွဲတမျိုး (Alternative)နဲ့ လုပ်ကြည့်ဦးမယ်ဆိုရင်လည်း "ဒီတောင်ပို့က ဖွတ်ဘဲ ထွက်တတ်တယ်" ဆိုတာ လူထုက သိနေပြီးဖြစ်လို့ အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ နောင်ခါလာ နောင်ခါချေး သဘောထားလို့လည်း လုံးဝမဖြစ်နိုင်ပါဘူး။

တချိန်တည်းမှာဘဲ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ရမှာမဟုတ်ပါဘူး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့၊ ခွဲထွက်ခွင့် တို့ကို တောင်းဆိုလာတဲ့အထိ ဆိုးဆိုးဝါးဝါးဖြစ်သွားနိုင်ပါတယ်။ ဒါဟာ ပြည်ထောင်စုစနစ်အတွက် မကောင်းပါဘူး။ ဒါတွေဟာ သိသာမြင်သာတဲ့ အနာဂတ်အန္တရာယ်တွေ ဖြစ်ပါတယ်။ နအဖဖြေရှင်းတဲ့ပုံစံမှာတော့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေကို အတင်းလက်နက်ချ ခိုင်းနေတာကလွဲလို့ အခြားမရှိပါဘူး။

ဒီအခါမှာ တိုင်းရင်းသားတွေ လက်နက်ကိုင်တယ်ဆိုတာက နိုင်ငံရေးအရ အင်အားချိန်ခွင်လျှာ (Balance of Power) ညှိတဲ့သဘောဖြစ်လာပါတယ်။ သူတို့ရည်ရွယ်တာက နိုင်ငံရေးဆိုပေမယ့် ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်နေတဲ့နည်းလမ်းက ပြည်တွင်းမှာ စစ်ရေးပုံစံပြိုင်ဆိုင်တဲ့သဘောကို ဖြစ်စေပါတယ်။ ဒါဆိုရင် ဒီမိုကရေစီနဲ့ဆန့်ကျင်သွားပါပြီ။ အမှန်တကယ်ဆိုရင် ဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့အခါမှာ နိုင်ငံကိုကာကွယ်ဖို့ စစ်တပ်ဆိုတာ တခုတည်းဘဲ ရှိနေရမှာဖြစ်ပါတယ်။ တခုတည်းရှိတဲ့ စစ်တပ်ဟာလည်း ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဖွဲ့စည်းထားရမှာဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်လာအောင် လုပ်ပေးနိုင်တာက ပဏာမသဘောတူညီချက်တွေဖြစ်ပါတယ်။ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့တွေကို လက်နက်ချခိုင်းနေရုံ၊ နှစ်ဦးနှစ်ဘက် သဘောတူညီမှုရရုံ (ဥပမာ–Gentlemen's agreement) နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပန္နက်ရိုက်ပြီးသား သဘောတူညီမှုကို မရနိုင်ပါဘူး။

နအဖအနေနဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုတွေနဲ့ ပူးပေါင်း ဆောင်ရွက်ရမယ့်နည်းလမ်းတခုဘဲရှိပါတယ်။ ဒီလိုလုပ်တာဟာလည်း ဒီမိုကရေစီ ကျင့်သုံးတဲ့ လူ့အသိုင်းအဝိုင်းထဲမှာ လူအချင်းချင်း၊ အသင်းအဖွဲ့အချင်းချင်း ယှိုင်းပင်းပူးပေါင်းရမယ်ဆိုတဲ့အခြေခံမှုနဲ့ ကိုက်ညီနေပါတယ်။

တချိန်တည်းမှာဘဲ အတိုက်အခံနိုင်ငံရေးအင်အားစုတွေက တိုင်းရင်းသားတွေရဲ့အခွင့်အရေးအတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေကို သူတို့ယုံကြည်လက်ခံလာအောင် အာမခံပေးလာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ပြည်တွင်းမှာ စစ်ရေးပုံစံပြိုင်ဆိုင်တာတွေ မရှိနိုင်တော့ပါဘူး။ ဒီနောက်မှာတော့ ပင်လုံစာချုပ်လိုမျိုး နောက်တကြိမ်ထပ်ချုပ်နိုင်ဖို့ လွယ်ကူသွားပါပြီ၊ ဒီလိုစာချုပ်ချုပ်ဖို့ ဘယ်သူက ဦးဆောင်နိုင်ပါသလဲလို့ တချို့ကမေးကြပါတယ်။ ဘယ်သူတွေက ကိုယ်စားပြုပြီး တက်လာကြမှာလဲလို့လည်း ထပ်မေးကြပြန်ပါတယ်။

ဒါကတော့ သိပ်မခက်လှပါဘူး။ တိုင်းပြည်မှာ အများသတ်မှတ်ထားတဲ့ ကိုယ်စားပြုသူတွေရှိနှင့်ပြီးဖြစ်လို့ သူတို့ကဘဲ အမှန်တကယ် ဦးဆောင်ဆော်ဩလိုက်ရင် ချက်ချင်းတောင် စလို့ရသွားမှာဖြစ်တယ်။ ဒီမိုကရေစီစနစ်ကို တကယ်တမ်း ဘယ်သူတွေက ဦးဆောင်နိုင်မလဲလို့ စိန်ခေါ်လိုက်တာလည်း ဖြစ်ပါတယ်။ ဒီအဆင့်ကို သိက္ခာရှိရှိ ကျော်ဖြတ်နိုင်တယ်ဆိုရင် နောက်ကျန်တာတွေက သူ့အလိုလို ချောချောရှူရှူဖြစ်သွားမှာ သေချာပါတယ်။ အရင်ဦးဆုံး လိုနေတာကတော့ ပင်လုံစာချုပ်လို ပဏာမသဘောတူညီမှုတွေဖြစ်ပါတယ်။

# ဒုတိယ "ပင်လုံစာချုပ်" လိုအပ်နေပြီ

**လွင်အောင်စိုး**

လက်ထပ်စာချုပ် ချုပ်နိုင်ဖို့ နှစ်ဘက်မိဘတွေ၊ ဆွေမျိုးတွေ၊ ရပ်ကွက်လူကြီးတွေ သဘောတူတာထက် ကာယကံရှင် ခင်ပွန်းလောင်းနဲ့ ဇနီးလောင်းတို့ သဘောတူမှုဖို့က အဓိကကျပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်ဘဲ ကောင်းတိုင်ပင် ဆိုးတိုင်ပင် ဘဝကိုရင်ဆိုင်ပြီး တည်ဆောက်ရမှာ ဖြစ်လို့ပါဘဲ။ တကယ်လို့ လက်ထပ်စာချုပ်မချုပ်မီမှာ စေ့စပ်ကြောင်းလမ်းထားရင် ဘဝကို ဘယ်လိုရင်ဆိုင်ကြမလဲဆိုတာ ကြိုတင်ဆွေးနွေးညှိနှိုင်းနိုင်လို့ ပိုပြီး အဆင်ပြေစရာ ရှိနိုင်ပါတယ်။

နိုင်ငံအုပ်ချုပ်ပုံ စည်းပုံအခြေခံဥပဒေဆိုတာ အမှန်မှာတော့ စာချုပ်ဖြစ်ပါတယ်။ လင်မယား လက်ထပ်စာချုပ်လိုပါဘဲ။ အစိုးရနဲ့ ပြည်သူတွေကြားမှာ သဘောတူထားတဲ့ စာချုပ်ပါဘဲ။ ဒီစာချုပ်ဖြစ်နိုင်ဖို့ ပဏာမသဘောတူညီချက်တွေ ရှိနေရပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ အတိတ်ကာလရဲ့ဆိုးမွေတွေ ခံစားနေရတာဖြစ်လို့ ဒါတွေကိုပြင်နိုင်ဖို့က အခြားနိုင်ငံတွေလို လိုက်လုပ်လို့မရသလို၊ တဦးတဖွဲ့တည်းက စိတ်ကြိုက်လုပ်လို့လည်း မရနိုင်ပါဘူး။ အတိတ်တချိန်မှာတုန်းက "ပင်လုံစာချုပ်"ဟာ မြန်မာ့သမိုင်းကြောင်းကို ကောင်းစေခဲ့တဲ့ ပဏာမစာချုပ် ဖြစ်ခဲ့တာကို နမူနာယူရပါလိမ့်မယ်။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေအပါအဝင် ပြည်သူတွေအားလုံး ညီညွတ်အောင် လုပ်နိုင်ဖို့ဆိုတာ အခြေခံဥပဒေမှာ အတိအလင်းဖော်ပြထားတဲ့ ရပိုင်ခွင့်တွေကို အာမခံနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီလို အာမခံနိုင်အောင် လုပ်ယူဖို့အတွက် လွတ်လပ်ရေးရပြီး နောက်ပိုင်းကစပြီး လက်ရှိကာလထိ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေခဲ့တဲ့အခြေအနေအရ "ပင်လုံစာချုပ်"လိုမျိုး နောက်စာချုပ်တခု လိုအပ်လာပါတယ်။

ဒီလိုစာချုပ်မှာ အရင်ဦးဆုံး သက်ဆိုင်သူတွေအားလုံးတွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်းနဲ့ တာဝန်ယူဆွေးနွေးနိုင်ရပါမယ်။ သဘောတူနိုင်ရ ပါမယ်။ ဒီအဆင့်ကို အောင်မြင်မှ အခြေခံဥပဒေမူကြမ်းကိုရေးဆွဲဖို့ ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။

ဒီမိုကရေစီကိုကျင့်သုံးကြဖို့ မြန်မာနိုင်ငံသားအများစုက သဘောတူ ထောက်ခံခဲ့တာကို ၁၉၉၀ ရွေးကောက်ပွဲရလဒ်က သက်သေပြခဲ့ပြီးဖြစ်လို့ နောက်ထပ် သံသယဖြစ်စရာမလိုတော့ပါဘူး။ လက်ရှိမှာ ကမ္ဘာ့နိုင်ငံတွေ ကျင့်သုံးနေကြတာက ပိုပြီးတိကျအောင်ပြောရရင် ကိုယ်စားပြုဒီမိုကရေစီစနစ် (Representative Democracy) ဖြစ်ပါတယ်။ လူထုတရပ်လုံးက သူတို့ဖြစ်စေချင်တာတွေကို သူတို့ကိုယ်စားပြုသူတွေက လိုက်လုပ်ပေးရတဲ့စနစ်ဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင် အခြေခံဥပဒေကို လူထုက စိတ်ကြိုက်ရေးဆွဲတာပါ။ မြန်မာနိုင်ငံမှာ ကိုယ်စားပြုဒီမိုကရေစီစနစ်ကိုကျင့်သုံးမှ လူထုကလည်း ထောက်ခံ၊ နိုင်ငံတကာနဲ့လည်း ရင်ဘောင်တန်းနိုင်မှာ ဖြစ်ပါတယ်။

အခြေခံဥပဒေကို လူထုစိတ်ကြိုက်ရေးဆွဲနိုင်မှလည်း လူတိုင်းအတွက် အခြေခံလူ့အခွင့်အရေးတွေ၊ တန်းတူညီမျှတဲ့ အခွင့်အရေးတွေ၊ အသင်းအဖွဲ့ဌာန (Institution) အတွက် လွတ်လပ်မှု အခွင့်အရေးတွေကအစ အာဏာပိုင်တွေကို ကန့်သတ်ထိန်းညှိ (Checks and Balances) ပေးနိုင်တာ၊ စစ်တပ်က ဒီမိုကရေစီနဲ့သဟဇာတဖြစ်အောင် နေနိုင်တာတွေအဆုံး လူထုကို အကျိုးပြုစေတာတွေအားလုံးကို အာမခံချက်အပြည့်အဝနဲ့ စိတ်ချလက်ချကျင့်သုံးနိုင်ပါမယ်။

နအဖလုပ်သွားတဲ့ အခြေခံဥပဒေဆိုတာက တိုက်ရိုက်ဒီမိုကရေစီ (Direct Democracy) ကို အသက်သွင်းနေတာပါ။ ဒါပေမဲ့ကိုယ်စားပြုဒီမိုကရေစီကို ဦးတည်လုပ်ဆောင်နေသလိုလို လှည့်စားထားပါတယ်။ မြန်မာပြည်သူတွေက ဒီမိုကရေစီအကြောင်း သိမှာမဟုတ်ဘူးလို့ယူဆပြီး၊ ဒါမှမဟုတ် သိပ်မသိသေးခင်မှာ နအဖက သူတို့လိုချင်တဲ့ မူဝါဒ၊ စနစ်၊ လုပ်ထုံးလုပ်နည်းတွေကို လက်ဦးအောင် ပန်းကိုက်ရိုက်ပစ်ယူတာမျိုး ဖြစ်ပါတယ်။ ဒီအချက်ကိုကြည့်ရင် ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ့် မြန်မာပြည်သူတွေအနေနဲ့ ဒီမိုကရေစီအကြောင်း အတော်အတန် လေ့လာသိရှိထားဖို့လိုနေပြီဆိုတာ သိသာပါတယ်။

တိုက်ရိုက်ဒီမိုကရေစီစနစ်မှာ အစိုးရအာဏာပိုင်တွေကို လူထုရဲ့ဆန္ဒနဲ့ ရွေးချယ်ခွင့်မရှိပါဘူး။ အာဏာပိုင်တွေရဲ့ဆန္ဒ၊ တနည်းအားဖြင့် ဆိုရင် အာဏာပိုင်တွေ ချပေးတဲ့မူဝါဒတွေကိုဘဲ လူထုက ကြိုက်–မကြိုက် ရွေးချယ်ပေးရပါတယ်။ ဘာနဲ့တူသလဲလို့ အနီးစပ်ဆုံးနမူနာပြရရင် မြန်မာနိုင်ငံမှာ အာဏာရှင်ဦးနေဝင်းရဲ့ တပါတီစနစ်ကြီးစိုးတုန်းက မဆလပါတီက ကြိုတင်သတ်မှတ်ထားတဲ့ အာဏာပိုင် အဆင့်ဆင့်ရဲ့ ကိုယ်စားလှယ်လောင်းတွေကို လူထုက ရွေးချယ်တင်မြှောက်ပေးရတာ၊ မဆလပါတီက ရေးထားတဲ့ အခြေခံဥပဒေကို အတည်ပြု–မပြု လူထုက ရွေးချယ်ပေးရတာတွေဖြစ်ပါတယ်။ လူထုဆန္ဒခံယူပွဲလို့ နာမည်တပ်ပြီး ရွေးခိုင်းတာတောင်မှ လွတ်လပ်ပြီး သမာသမတ်ရှိအောင် မလုပ်ပေးနိုင်ပြန်ရင်လည်း အာဏာရှင်လုပ်ချင်တဲ့သဘောတွေကို သက်သေပြသလို ဖြစ်နေပါတယ်။

ကိုယ်စားပြုဒီမိုကရေစီမှာ နိုင်ငံသား ဘယ်သူမဆို ရွေးကောက်ပွဲမှာ မဲပေးနိုင်ခွင့်ရှိသလို ရွေးကောက်ပွဲ ဝင်နိုင်ခွင့်လည်းရှိပါတယ်။ နမူနာပြရရင် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်ခွင့်ပေးမှာမဟုတ်ဘူးလို့ နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက (ကြိုတင် သွေးတိုးစမ်းသလိုမျိုး) အာဆီယံမှာ ပြောဖူးတာ ရှိပါတယ်။ ကိုယ်စားပြုဒီမိုကရေစီကို အစစ်အမှန်ကျင့်သုံးချင်ရင် ဒေါ်အောင်ဆန်းစုကြည်လို မျိုးရိုးစဉ်ဆက် မြန်မာနိုင်ငံသားဖြစ်ကြောင်း သိပ်ထင်ရှားနေတဲ့ မြန်မာနိုင်ငံသားတဦးကို ရွေးကောက်ပွဲဝင်ခွင့်ပြုရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားမှန်သမျှ ဖမ်းဆီးထိန်းသိမ်းထားတာကို ပြန်လွှတ်ပြီး နိုင်ငံရေးလှုပ်ရှားခွင့်ပြုရမှာ ဖြစ်ပါတယ်။

ကိုယ်စားပြုဒီမိုကရေစီမှာ ကိုယ်စားပြုမယ့်သူတွေကို ဘယ်လိုရွေးချယ်ရမလဲဆိုတာကို လူထုက သတ်မှတ်ရတာဖြစ်ပါတယ်။ အာဏာပိုင်တွေက သတ်မှတ်လို့မရပါဘူး။ ပင်လုံစာချုပ်လို သမိုင်းဝင်သဘောတူညီချက်တခုကို အရင်ရပြီးမှဘဲ အခြေခံဥပဒေမူကြမ်းကို အားလုံးက ခြွင်းချက်မရှိ ပါဝင်ရေးဆွဲရပါမယ်။ အဲဒီမူကြမ်းမှာ နောက်လုပ်မယ့်ရွေးကောက်ပွဲတွေကို အခြေခံဥပဒေအတိုင်း ကျင်းပပေးနိုင်ဖို့ ရွေးကောက်ပွဲဆိုင်ရာအခန်းကဏ္ဍကလည်း ပါရှိနေမှာ ဖြစ်ပါ တယ်။ မူကြမ်းကို လူထုဆန္ဒခံယူပွဲနဲ့အတည်ပြုနိုင်ရပါမယ်။ လူထုက အတည်ပြုလိုက်တာဟာ ရွေးကောက်ပွဲဝင်မယ့်သူတွေကို ဘယ်လိုရွေးချယ်ရမလဲလို့ လူထုက သတ်မှတ်လိုက်တယ် ဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။ ဒါကြောင့် ပင်လုံစာချုပ်လို ပဏာမသဘောတူညီချက်မရှိပဲ ရှေ့ဆက်လုပ်လို့မဖြစ်နိုင်ပါဘူး။

နောက်ထပ်သက်သေတခုကတော့ နအဖရေးတဲ့အခြေခံဥပဒေမှာ အမြင့်ဆုံးအာဏာပိုင်ဖြစ်တဲ့သမတနေရာကို လူထုကရွေးချယ်ခွင့်မရတာ၊ စစ်တပ်က လွှတ်တော်မှာ အမတ် ၂၅ ရာခိုင်နှုန်း အတွက် ရွေးချယ်ခံစရာမလိုပဲ အလိုအလျောက်ယူထားတာတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ တပ်မတော် (စစ်တပ်) က နိုင်ငံကို ဦးဆောင်တဲ့အခန်းကဏ္ဍကပါရမယ်ဆိုတာလည်း ပါဝင်နေပါတယ်။ ဒါတွေဟာ နိုင်ငံရဲ့အနာဂတ်ကံကြမ္မာကို အကြီးအကျယ်ပြောင်းလဲစေမယ့်ကိစ္စတွေပါဘဲ။ ပြည်သူတွေကို မလှုပ်မရှား ပိပြားနေအောင် အုပ်ချုပ်နိုင်ဖို့ ရည်ရွယ်ပြီး လုပ်နေတာသိသာပါတယ်။ အမှန်တကယ်မှာ အဲဒီလိုဖြစ်လာမှာမဟုတ်ဘဲ ပိုပြီးတောင် မငြိမ်မသက် အုံကြွလာနိုင်စရာ ဖြစ်နေပါတယ်။ လမ်းအလယ် ဒါးကိုင်ပြီး လူတကာကို စိန်ခေါ်နေသလို ဖြစ်နေပါတယ်။ ဒါဟာ "လွတ်လပ်မှုကို တလွဲဆံပင်ကောင်းလုပ်တာ၊ တန်းတူညီမျှမှုကို ဖျက်ဆီးပစ်တာ" ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့အခြေခံမူတွေနဲ့လည်း ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

ဒီမိုကရေစီမှာ အရေးကြီးဆုံး မဖြစ်မနေလုပ်ရတဲ့မူကတော့ ရွေးကောက်ပွဲပါဘဲ။ လူထုက အစိုးရကိုရွေးကောက်တာဖြစ်ပါတယ်။ စစ်တပ်ဆိုတာ အစိုးရ

**စာမျက်နှာ ၁၈ သို့**

# အသက်ရှုကျပ်သေဆုံးသူတွေအတွက် ထိုင်းကနစ်နာကြေးပေး

**NEJ ၊ ဖေဖော်ဝါရီ ၁၈ ။** ။ ပြီးခဲ့တဲ့နှစ်ဦးပိုင်းက ပြည်ပနိုင်ငံမှာအလုပ်လုပ်ဘို့ နယ်စပ်ဖြတ်ကျော်ရင်းမရှုမလှသေဆုံးခဲ့ရတဲ့ မြန်မာနိုင်ငံသားတွေအတွက်နစ်နာကြေးကို တနှစ်နီးပါးကြာမှ ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့ မြို့တော်ဝန်ရုံးမှာ ဒီနေ့နေ့ခင်းပိုင်းကပေးအပ်လိုက်ပြီလို့ သိရပါတယ်။

ပြီးခဲ့တဲ့နှစ် ဧပြီလတုန်းက ထိုင်းနိုင်ငံတောင်ပိုင်း အအေးခန်းကားထဲမှာ အသက်ရှုကျပ်ပြီးသေဆုံးခဲ့သူ ၅၄ ဦးအနက် ၃၇ ဦးရဲ့မိသားစုဝင်တွေကို ကားအာမခံကုမ္ပဏီက တဦးကို ဘတ်ငွေ ၃ သောင်းခွဲစီ နစ်နာကြေးပေးအပ်လိုက်တာပါ။

ဒီအကြောင်းကို သေဆုံးသူတွေအတွက်နစ်နာကြေးရအောင်ကူညီပေးနေတဲ့ ရနောင်းမြို့က မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ် (FTUB) ရွှေ့ပြောင်းအလုပ်သမားရေးရာတာဝန်ခံ ကိုတင်ထွန်းအောင်ကပြောပါတယ်။

“စာရွက်စာတမ်းတွေစစ်ဆေးပြီး ‘ချက်’ ထုတ်ပေးတာက ပထမ ၃၂ ယောက်စာအတွက် အရင်ထုတ်ပေးတယ်၊ နောက်တခါ ဒီချက်တွေကိုယူပြီး ရနောင်းမြို့တော်ဝန်ရုံးမှာ ဒီဘက်ကကိုယ်စားလှယ်လာပြီး ပိုက်ဆံထုတ်ပေးတဲ့အခါ လူ ၃၂ ယောက်စာအပြင် နောက်ထပ် ၅ ယောက်အတွက်ပါထုတ်ပေး တယ်၊ ၃၇ ယောက်ပေါ့။ ၄ ယောက်က မှတ်ပုံတင်နံပါတ်နဲ့ နာမည်ကွဲလွဲမှုရှိတဲ့ အတွက်ပြင်ဆင်ပြီးရင် ဒီရက်ပိုင်းမှာထပ်ထုတ်ပေးသွားဘို့ရှိတယ်”

ယမန်နှစ် ဧပြီ ၁၀ ရက်နေ့မနက်ပိုင်းက ထိုင်းတောင်ပိုင်း ရနောင်းမှ ဖူးခက်မြို့ကို မြန်မာနိုင်ငံသား အယောက် ၁၂၀ ကိုတင်ဆောင်တဲ့ ငါးတင်အအေးခန်း အလုံပိတ်ကားဟာ ရဲကိုရှောင်ကွင်းမောင်းနှင်ရင်းသွားရာ မနက်သုံးနာရီခန့်၌ အမျိုးသမီး ၃၇ ဦးနဲ့ အမျိုးသား ၁၇ ဦး အသက်ရှုကျပ်သေဆုံးခဲ့ပါတယ်။

သေဆုံးသူတွေထဲမှာ မွန်ပြည်နယ် ချောင်းဆုံ၊ မုဒုံနဲ့ မော်လမြိုင်မြို့တွေက မွန်အမျိုးသားအများစုဖြစ်ပါတယ်။

အဲဒီသေဆုံးသူ ၅၄ ဦးတွင် ၄၆ ဦးသာ အထောက်အထားခိုင်ခိုင်လုံလုံပြနိုင်တဲ့အတွက် နစ်နာကြေးရမှာဖြစ်ပါတယ်။

ဒီနေ့မှာ အဲဒီ ၄၆ ဦးအနက် ၄၁ ဦးရဲ့မိသားစုတွေသာလာပြီး အဲဒီထဲက ၃၇ ဦးကိုပေးအပ်လိုက်တာဖြစ်ပါတယ်။

ဒီနစ်နာကြေးရဘို့ ထိုင်းနိုင်ငံရှေ့နေများကောင်စီက ဖိဖိစီးစီးလိုက်လံဆောင်ရွက်ပေးခဲ့ပါတယ်။

နစ်နာကြေးကို ရနောင်းမြို့တော်ဝန်ရုံးထဲမှာ မြန်မာဘက်ကတာဝန်ရှိသူတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့တွေရှေ့မှာပေးတာပါ။

သူတို့တဦးချင်းစီအတွက် နစ်နာကြေးပေးရမယ့်ငွေဟာ ဘတ်တသိန်းလို့ဆုံးဖြတ်ထားပေမယ့် တရားခံတချို့ကိုစစ်ဆေးပြီးပြတ်မှသာ ကျန်ငွေ ၆ သောင်းခွဲကို ထပ်ပေးမှာဖြစ်ပါတယ်။

ကျန်နစ်နာကြေးငွေ ခြောက်သောင်းအခြေအနေနဲ့ပတ်သက်လို့ အလားအလာကို ကိုတင်ထွန်းအောင်က ခုလိုရှင်းပြပါတယ်။

“ဒီအမှုကိစ္စနဲ့ပတ်သက်ပြီး ပြစ်မှုကျူးလွန်တဲ့လူတွေက အားလုံး ၈ ယောက်ရှိတယ်၊ လက်ရှိ ၆ ယောက်ကိုတော့ ထိုင်းအာဏာပိုင်ကထိန်းသိမ်းထားပြီး တယောက်က ဒီပြစ်မှုအတွက်ကိုဝန်ခံတဲ့အတွက် ရနောင်းခရိုင်တရားရုံးက ပြစ်ဒဏ်စီရင်ချက်ချထားပါတယ်။

ကျန်တဲ့တရားခံတယောက်ကတော့ အမှုဆက်လက်စစ်ဆေးနေပြီး ကျန်တဲ့နှစ်ယောက်ကို ဖမ်းဝရမ်းထုတ်ထားပါတယ်၊ အဲဒီအမှုပြီးသွားပြီး စာရွက်စာတမ်းတွေထပ်တင်ပြတဲ့အနေအထားပေါ်မှာ အာမခံကုမ္ပဏီကပေးရမယ့်ငွေ ကျန်ငွေ ဘတ် ၆ သောင်းခွဲ ဆက်ပေးမယ့်အနေအထားရှိပါတယ်”။


**Voice of Burma**

**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

**To**

PRINTED MATTER